# ပင်တာကျူ

သင်ခန်းစာ တစ်ဆယ်

ယောသပ်နှင့် သူ၏အစ်ကိုများ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း .......... 1**

**ဖွဲ့စည်းပုံနှင့် အကြောင်းအရာ .......... 2**

**ဘိုးဘေးတို့၏သဘောထားကွဲလွဲမှု (ကမ္ဘာဦး ၃၇:၂-၃၆) .......... 4**

ယောသပ်သည် အစ်ကိုများအား စိတ်တုန်လှုပ်စေခြင်း .......... 4

အစ်ကိုများယောသပ်ကို ရောင်းခဲ့ခြင်း .......... 5

**ယောသပ်၏ခက်ခဲစွာအုပ်ချုပ်ခြင်း (ကမ္ဘာဦး ၃၈:၁–၄၁:၅၇) .......... 5**

ခါနန်ပြည်၌ ယုဒ၏အပြစ်ပြုခြင်း (ကမ္ဘာဦး ၃၈:၁-၃၀) .......... 6

အီဂျစ်တွင် ယောသပ်၏အောင်မြင်မှု (ကမ္ဘာဦး ၃၉:၁–၄၁:၅၇) .......... 7

**ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (ကမ္ဘာ ၄၂:၁–၄၇:၁၂) .......... 8**

ပထမခရီးစဉ် (ကမ္ဘာဦး ၄၂:၁-၃၈) .......... 8

ဒုတိယခရီးစဉ် (ကမ္ဘာဦး ၄၃:၁–၄၅:၂၈) .......... 9

တတိယခရီးစဉ် (ကမ္ဘာဦး ၄၆:၁–၄၇:၁၂) .......... 11

**ယောသပ်၏သနားကြင်နာစွာအုပ်ချုပ်ခြင်း (ကမ္ဘာဦး ၄၇:၁၃-၂၇) .......... 11**

**ဘိုးဘေးတို့၏စည်းလုံးညီညွတ်မှု (ကမ္ဘာဦး ၄၇:၂၈–၅၀:၂၆) .......... 12**

ယာကုပ်၏ မိသားစုဆိုင်ရာအစီအစဉ်များ (ကမ္ဘာဦး ၄၇:၂၈–၅၀:၁၄) .......... 12

ယောသပ်၏ မိသားစုဆိုင်ရာအစီအစဉ်များ (ကမ္ဘာဦး ၅၀:၁၅-၂၆) .......... 13

**အဓိကအကြောင်းအရာများ .......... 15**

**အလေးပေးမျှဝေထားမှုများ .......... 15**

ဣသရေလအတွက် ဘုရားသခင်၏ကျေးဇူးတော် .......... 16

ဘုရားသခင်အပေါ် ဣသရေလ၏သစ္စာစောင့်သိမှု .......... 17

ဣသရေလအတွက် ဘုရားသခင်၏ကောင်းချီးများ .......... 18

ဣသရေလအားဖြင့် ဘုရားသခင်၏ကောင်းချီးများ .......... 19

**အထူးအလေးပေးမှုများ .......... 19**

အမျိုးသားရေးစည်းလုံးညီညွတ်မှု .......... 21

အမျိုးသားရေးကွဲပြားမှု .......... 24

**နိဂုံး .......... 29**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

မြေယာပိုင်ဆိုင်မှုကြီးမားစွာရှိသော မိသားစုများမှ မွေးချင်းမောင်နှမများသည် အများဆုံးသော အမွေကိုမည်သူရရှိမည်နှင့်ပတ်သက်၍ အချင်းချင်းပြိုင်ဆိုင်လေ့ရှိသည်။ အမွေမြေကို မျိုးဆက်တစ်ခုမှ နောက်တစ်ခုသို့ လွှဲပြောင်းပေးရမည့် အချိန်ရောက်လာသောအခါ၊ တစ်ချိန်က အလွန်ချစ်ခင်မြတ်နိုးခဲ့ကြသော ညီအစ်ကိုမောင်နှမများပင်လျှင် ကွဲကွာသွားနိုင်ပြီး ဘုရားသခင်သာလျှင် ချစ်ခြင်းနှောင်ကြိုးများကို ပြန်လည်တည်ဆောက်ပေးရသည်အထိ ကွဲပြားသွားနိုင်သည်။ ကမ္ဘာဦးကျမ်းသည် ဣသရေလလူမျိုး၏ ဘိုးဘေးများဖြစ်သော ယောသပ်နှင့် သူ၏အစ်ကိုများတွင် ဤအရာဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့ကို သွန်သင်ပေးသည်။ ဖခင်ယာကုပ်၏အမွေအပေါ် သူတို့၏ပြိုင်ဆိုင်မှုသည် ခါးသီးလွန်းသဖြင့် ဖြေရှင်းရန်မဖြစ်နိုင်ပုံရသည်။ သို့သော် ဤသင်ခန်းစာတွင် ကျွန်ုပ်တို့မြင်တွေ့ရမည်မှာ၊ ဘုရားသခင်သည် ယောသပ်နှင့် သူ၏အစ်ကိုများကို ပြန်လည်သင့်မြတ်စေပြီး သူတို့၏မေတ္တာနှောင်ကြိုးများကို ပြန်လည်တည်ဆောက်ပေးခဲ့သည်။ ဤဖြေရှင်းပေးမှုသည် ဓမ္မဟောင်းကျမ်းတစ်လျှောက် ဣသရေလလူမျိုး တစ်ဆယ့်နှစ်မျိုးကြား ဆက်ဆံရေးအတွက် လမ်းကြောင်းတစ်ခုကို ပုံဖော်ထားသည်။ ၎င်းသည် ယနေ့ ခရစ်တော်၏ နောက်လိုက်များအကြား ဆက်ဆံရေးကို ညွှန်ပြနေသည်။

ပင်တာကျူအတွက် ဤသင်ခန်းစာသည် "ယောသပ်နှင့်သူ၏အစ်ကိုများ" နှင့်ပတ်သက်သော ကမ္ဘာဦးကျမ်းအပိုင်းအတွက် ရည်ရွယ်ထားသည်။ ကမ္ဘာဦး ၃၇:၂–၅၀:၂၆ တွင် မွေးချင်းများနှင့် ပြဿနာဖြစ်နေသောဆက်ဆံရေးနှင့်ပတ်သက်၍ ယောသပ်၏ဇာတ်လမ်းကို ကျွန်ုပ်တို့လေ့လာပါမည်။

ကျွန်ုပ်တို့၏အဓိကအကြောင်းအရာကိုမလေ့လာမီ၊ ကမ္ဘာဦးကျမ်း၏အခြေခံအကြောင်းအရာကို ပြန်လည်သုံးသပ်ရန် ကူညီပေးပါလိမ့်မည်။ အခြားသင်ခန်းစာများတွင်၊ ကမ္ဘာဦးကျမ်းကို အဓိကအပိုင်း သုံးပိုင်းခွဲထားသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ အပိုင်းတစ်ခုစီသည် မောရှေ၏မူလဣသရေလပရိသတ်ကို အထူးနည်းလမ်းများဖြင့်ဖော်ပြရန် ပုံစံပြုထားသည်။ ပထမအပိုင်းသည် ကမ္ဘာဦး ၁:၁–၁၁:၉ တွင် တွေ့ရှိရသော ရှေးကနဦးသမိုင်းနှင့် ပတ်သက်သည်။ ဤအပိုင်းတွင်၊ ဣသရေလလူမျိုးအား ကမ္ဘာ့သမိုင်း၏ကနဦးကာလများတွင် ဘုရားသခင်လုပ်ဆောင်ခဲ့သည့်အရာဖြင့် ခါနာန်ပြည်သို့ခေါ်ဆောင်ခြင်းကို တည်ဆောက်ခဲ့ကြောင်း ဣသရေလလူမျိုးတို့အား မောရှေပြသခဲ့သည်။ ဒုတိယအပိုင်းသည် ကမ္ဘာဦး ၁၁:၁၀–၃၇:၁ တွင် ကနဦးဘိုးဘေးဆိုင်ရာသမိုင်းကို မှတ်တမ်းတင်ထားသည်။ ဤတွင်၊ မောရှေသည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏အသက်တာများသည် ကတိတော်ပြည်သို့သွားရာလမ်းတွင် ဣသရေလလူတို့ ရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများကို ဟောပြောခဲ့သည်။ တတိယအပိုင်း၊ ကမ္ဘာဦး ၃၇:၂–၅၀:၂၆ တွင်၊ နောက်ပိုင်းတွင် ဘိုးဘေးဆိုင်ရာသမိုင်းသည် ယောသပ်နှင့် သူ၏အစ်ကိုများ အကြောင်း ဖော်ပြသည်။ ကျွန်ုပ်တို့၏ဤသင်ခန်းစာသည် ကမ္ဘာဦးကျမ်း၏ နောက်ဆုံးအပိုင်းကို အာရုံစိုက်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့မြင်ရသကဲ့သို့ ကမ္ဘာဦးကျမ်း၏ဤအပိုင်းတွင် မောရှေ၏ရည်ရွယ်ချက်သည် သူ၏မူလပရိသတ်အတွက် သင်ခန်းစာများစွာပါဝင်သည်။ သို့သော် ယေဘုယျအားဖြင့်_

> ကတိတော်ပြည်ကို သိမ်းပိုက်ပြီး အခြေချနေထိုင်ရာတွင် ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းသည် ဣသရေလအနွယ်များစည်းလုံးညီညွတ်စွာ မည်သို့အတူတကွနေထိုင်ရမည်ကို သင်ကြားပေးသည်။

ယောသပ်နှင့် သူ၏အစ်ကိုများဆိုင်ရာ ကျွန်ုပ်တို့၏သင်ခန်းစာကို အဓိကအပိုင်းနှစ်ပိုင်းခွဲပါမည်။ ဦးစွာ၊ ဤအခန်းများ၏ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာ၊ ၎င်းတို့၏စာပေပုံစံနှင့် အကြောင်းအရာသည် မည်ကဲ့သို့လိုက်ဖက်သည်ကို ဆန်းစစ်ပါမည်။ ဒုတိယ၊ ဣသရေလအမျိုးများအတွက် မောရှေအလေးပေးဖော်ပြသည့် အဓိကအကြောင်းအရာများစွာနှင့် ဤအကြောင်းအရာများသည် ခေတ်သစ်ခရစ်ယာန်များနှင့် မည်သို့သက်ဆိုင်သည်ကို ကျွန်ုပ်တို့လေ့လာပါမည်။ ယာကုပ်ဇာတ်လမ်း၏ ဖွဲ့စည်းပုံနှင့် အကြောင်းအရာကိုကြည့်ခြင်းဖြင့် စတင်ကြပါစို့။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းနှင့် ရင်းနှီးသူတိုင်းသည် ၎င်းတွင်ဇာတ်ကောင်စရိုက်များစွာ၊ မတူညီသော ယဉ်ကျေးမှုဆိုင်ရာများနှင့် ရှုပ်ထွေးသောအပိုင်းများစွာ ပါဝင်ကြောင်း သိကြသည်။ ဤအင်္ဂါရပ်များသည် အလွန်ရှုပ်ထွေးသောကြောင့် အချက်အလက်များသည် စိတ်အာရုံကိုလွှမ်းမိုးနိုင်ပြီး၊ ၎င်းကို စုစည်းထားသည့် ကြီးမားကျယ်ပြန့်သော စာပေဖွဲ့စည်းပုံကို မျက်ခြေပြတ်စေပါသည်။ သို့သော် ဤအခန်းများ၏ ဖွဲ့စည်းပုံနှင့် အကြောင်းအရာများ မည်ကဲ့သို့ အတူတကွ လုပ်ဆောင်သည်ကို ဂရုပြုခြင်းသည် အထူးအရေးကြီးပါသည်။ အကြောင်းမှာယောသပ်နှင့် သူ၏အစ်ကိုများ၏မှတ်တမ်းသည် အလွန်စည်းလုံးညီညွတ်မှုဆိုင်ရာ ပြဇာတ်တစ်ခုဖြစ်သည်။

ကမ္ဘာဦး ၃၇:၂–၅၀:၂၆ ပါ မောရှေ၏တင်ပြချက်သည် အလွန်ပေါင်းစပ်ထားပြီး၊ အဆင့်ငါးဆင့်ပါ ပြဇာတ်တစ်ခုဖြစ်သည်_

- ဇာတ်လမ်း၏ကနဦးပြဿနာသည်၊ ကမ္ဘာဦး ၃၇:၂-၃၆ တွင် ယောသပ်၏အုပ်ချုပ်မှုအပေါ် ဘိုးဘေးတို့၏သဘောထားကွဲလွဲမှုကို ဖော်ပြသည်။
- ဒုတိယအဆင့် သို့မဟုတ် လုပ်ဆောင်မှုမြင့်တက်လာခြင်း၊ ၃၈:၁–၄၁:၅၇ တွင် ယောသပ်၏ခက်ခဲသောအုပ်ချုပ်ခြင်း—အီဂျစ်တွင်သူ၏အာဏာကြီးထွားလာခြင်း။
- တတိယအဆင့်၊ ၄၂:၁–၄၇:၁၂ သည် ပြဇာတ်၏ အချိုးအကွေ့ဖြစ်သည်။ ၎င်းသည် ဘိုးဘေးများ၏ အီဂျစ်တွင်ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း အကြောင်းဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

- စတုတ္ထအဆင့် သို့မဟုတ် ကျဆင်းသွားသောလုပ်ဆောင်ချက်၊ ၄၇:၁၃-၂၇ တွင် အီဂျစ်တွင်ယောသပ်၏ သနားကြင်နာစွာအုပ်ချုပ်မှုအကြောင်းကို ဖော်ပြသည်။
- ပြဇာတ်၏နောက်ဆုံး ဆုံးဖြတ်ချက်၊ ၄၇:၂၈–၅၀:၂၆ တွင် ယောသပ်၏အုပ်ချုပ်မှုအောက်တွင် ဘိုးဘေးတို့၏စည်းလုံးညီညွတ်မှုကို ဖော်ပြသည်။

မကြာသေးမီဆယ်စုနှစ်များအတွင်း၊ ကမ္ဘာဦးကျမ်းရှိ ဤအခန်းများသည် ကျယ်ပြန့်သောဇဟိုပြုသည့် အကြောင်းအရာများကိုအရှေ့အနောက်ပြောင်းပြန်ဝါဒ chiasm တစ်ခုဖြစ်ကြောင်းပြသရန် အနက်ပြန်သူများသည်ကြိုးပမ်းခဲ့ကြသည်။ အကြောင်းအရာများကိုအရှေ့အနောက်ပြောင်းပြန်ဝါဒ chiasm သည်_

> စာပေဖွဲ့စည်းပုံအပိုင်းများမတိုင်မီနှင့် နောက်ပိုင်းရှိအရေးကြီးဆုံးအချက်သည် တစ်ခုနှင့်တစ်ခု တူညီသည် သို့မဟုတ် ဟန်ချက်ညီသည်။

ဤကြိုးစားမှုအများစုသည် ဤရှုမြင်သုံးသပ်ချက်ကို လွန်စွာဖိအားပေးပါသည်။ သို့သော် ၎င်းတို့သည် ယောသပ်နှင့်သူ၏အစ်ကိုများ၏ မှတ်တမ်းတစ်ခုလုံးကို လိုက်လျောညီထွေဖြစ်စေသောကြီးမားသည့် သိသာထင်ရှားသောအချိုးအစားကို ညွှန်ပြသည်။

ယေဘုယျအားဖြင့်၊ မှတ်တမ်းသည် ဘိုးဘေးတို့၏သဘောထားကွဲလွဲမှုဖြင့်အစပြုကာ ပြဇာတ်၏နောက်ဆုံးအဆုံးအဖြတ်တွင် ဘိုးဘေးတို့၏စည်းလုံးညီညွတ်မှုဖြင့် အဆုံးသတ်သည်ကိုမြင်ရန် မခဲယဉ်းပါ။

အီဂျစ်တွင် ယောသပ်၏အုပ်ချုပ်ခြင်း ကြီးထွားလာမှုသည် ယောသပ်၏သနား ကြင်နာစွာ အုပ်ချုပ်မှု ကျဆင်းသွားခြင်းနှင့် ညီမျှသည်။ အချိုးအကွေ့ သို့မဟုတ် အလှည့်အပြောင်း—သဘောထားကွဲလွဲမှုမှ သနားကြင်နာမှုနှင့် စည်းလုံးညီညွတ်ခြင်းဆီသို့ ကူးပြောင်းခြင်း—သည် အီဂျစ် ပြည်တွင် ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း ဖြစ်သည်။ မောရှေတင်ပြသည့်အစီအစဉ် အတိုင်း ဤအပိုင်းများကို ကျွန်ုပ်တို့ကြည့်ရှုပါမည်။ သို့သော် ယောသပ်နှင့်သူ၏အစ်ကိုများ၏ဇာတ်လမ်း တွင် အသေးစိတ်အချက်အလက်များစွာကို ဆန်းစစ်ကြည့်သောအခါ ဤအခြေခံသိသာထင်ရှားသော အချိုးအစားကို နားလည်ရန် ကူညီပေးပါလိမ့်မည်။

ယောသပ်နှင့် သူ၏အစ်ကိုများဇာတ်လမ်း၏ အကြောင်းအရာသည် ကမ္ဘာဦးကျမ်း၏ အခြားအပိုင်းများထက် စာပေဆိုင်ရာရှုပ်ထွေးမှုကို ဖော်ပြသည်။ ၎င်းတွင် ရှည်လျားသောဇာတ်ကောင်စရိုက်များ၏စာရင်းရှိပြီး ၎င်းတို့ထဲမှ အများအပြားကို သုံးဖက်မြင်ရှုထောင့်၊ ပြောင်းလဲနေသော ဇာတ်ကောင်များအဖြစ် ပုံဖော်ထားသည်။ အဖြစ်အပျက်များကိုထင်ရှားစွာ ဖော်ပြထားသည်။ ဝိရောဓိ၊ ရယ်စရာဟာသနှင့် ကြေကွဲစရာများ တစ်လျှောက်လုံးတွင် တွေ့ရသည်။ ဇာတ်ကြောင်းတွင် မထင်မှတ်ထားသောအလှည့်အပြောင်းအဖြစ်အပျက်များစွာပါဝင်ပြီး အခြားဖြစ်ရပ်များကို ပြန်လည်သတိရစေပါသည်။ ထို့ကြောင့်၊ ကမ္ဘာဦးကျမ်း၏ဤအပိုင်းသည် ဤသင်ခန်းစာတွင် ကျွန်ုပ်တို့လေ့လာနိုင်သည်ထက် မူလကျသရေလပရိသတ်များကို ပို၍စဉ်းစားစေမည်ဖြစ်သည်။ ထို့ကြောင့်၊ အချိန်ကန့်သတ်ချက်ကြောင့်၊ ကျွန်ုပ်တို့သည် အခန်းတစ်ခုစီ၏ အကြောင်းအရာအပေါ် မှတ်ချက်အနည်းငယ်မျှကိုသာ လေ့လာပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဘိုးဘေးတို့၏သဘောထားကွဲလွဲမှု (ကမ္ဘာဦး ၃၇:၂-၃၆)

မောရှေသည် ကမ္ဘာဦး ၃၇:၂-၃၆ တွင် ယောသပ်၏အနာဂတ်အုပ်ချုပ်မှုနှင့်ပတ်သက်သော ဘိုးဘေးတို့၏သဘောထားကွဲလွဲမှု၏ ကနဦးသိသာထင်ရှားသောပြဿနာဖြင့် သူ၏ဇာတ်ကြောင်းကို စတင်ခဲ့သည်။ ဤအဖွင့်အခန်းတွင် ယောသပ်၏မိသားစုသည် အချိန်ကြာလာသည်နှင့်အမျှ သဘောထားကွဲလွဲမှုပိုဆိုးလာပုံကို အတူဖော်ပြသည့် အပိုင်းနှစ်ပိုင်းပါဝင်သည်။ ပထမပိုင်း၊ ၃၇:၂-၁၁ တွင် ယောသပ်သည် သူ၏အစ်ကိုများကို တိုး၍တုန်လှုပ်စေပုံကို သရုပ်ဖော်ထားသည်။ ဒုတိယအပိုင်း၊ အခန်းငယ် ၁၂-၃၆ တွင် အစ်ကိုများသည် ယောသပ်ကို ကျွန်အဖြစ်ရောင်းချပုံအကြောင်း ပြောပြသည်။ ယောသပ်သည် သူ၏အစ်ကိုများကို တုန်လှုပ်စေပုံကို ကြည့်ကြပါစို့။

## ယောသပ်သည် အစ်ကိုများအားစိတ်တုန်လှုပ်စေခြင်း

မောရှေသည် ယောသပ်အား ဖခင်၏မျက်နှာသာပေးခြင်းခံရသော ရိုးစင်းသည့်လူငယ်တစ်ဦး အဖြစ် ပထမဆုံးပုံဖော်သည်။ ဥပမာ၊ အခန်းငယ် ၃ တွင်၊ ယာကုပ်သည် ယောသပ်အား သူ၏အစ်ကိုများ မနာလိုမှုဖြစ်စေသော အဆင်းအရောင်ထူးခြားသောအင်္ကျီကို ပေးခဲ့သည်။ အခန်းငယ် ၄ က "သူ့ကိုမုန်း၍ မေတ္တာစကားကိုသူ့အားမပြောနိုင်ကြ" ဟုဆိုသည်။ ထို့နောက် သာ၍ဆိုးသည်မှာ၊ ထပ်မံသရုပ်ဖော်ပြ ချက်နှစ်ခုတွင် ယောသပ်သည် သူ၏မိသားစုအပေါ် အနာဂတ်ချီးမြှောက်ခြင်းဆိုင်ရာ အိပ်မက်များ အကြောင်း ဝါကြွားခဲ့သည်။ ထို့အတွက်ကြောင့်၊ အခန်းငယ် ၅ နှင့် အခန်းငယ် ၈ တွင် ယောသပ်၏ အစ်ကိုများသည် "သူ့ကိုသာ၍မုန်းကြ"သည်ဟု မောရှေရေးသားခဲ့သည်။ အခန်းငယ် ၁၁ သည် "သူ၏ အစ်ကိုများသည် သူ့ကိုငြူစူကြ" သည်ဟုဆိုသည်။

> ယောသပ်နှင့် သူ့အစ်ကိုများကြား သဘောထားကွဲလွဲရသည့် အကြောင်းရင်း နှင့်ပတ်သက်၍… နှစ်ခုကို ကျွန်ုပ်ရွေးလိုပါသည်။ ပထမမှာ သူ၏ဖခင်သည်သူ့ကို အလွန်လှပသောအင်္ကျီပြုလုပ်ပေးခဲ့သည်၊ ထိုအင်္ကျီကို အခြားအစ်ကိုများ သည်ကြည့်ကာ "ကျွန်ုပ်တို့လည်းလိုချင်ပါသည်၊ ကျွန်ုပ်တို့ဟာဖြစ်စေရမည်။" ဟုဆိုကြသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုပြန်ကြည့်သောအခါ၊ လူအချို့သည် ပိုကောင်းမွန်သည့်ဘဝများနှင့် နေထိုင်ရသောကြောင့် လူ့အဖွဲ့အစည်း၌ပင်လျှင် သဟဇာတမဖြစ်မှုများရှိနေပြီး အခြားသူများသည် မိမိကိုယ်ကို "အဘယ်ကြောင့် အခြားလူများနှင့်မိမိသည်မတူရသနည်း"ဟုမေးခွန်းထုတ်သည်ကို တွေ့ရသည်။ အသင်းတော်၌ပင်လျှင်ရှိသည်။ ကျွန်ုပ်တို့သည် မကျန်းမမာဖြစ်နေသောသူနှင့် ကျန်းမာသူတစ်စုံတစ်ဦးကို ကြည့်ကာ "ကျွန်ုပ်တို့သည် အဘယ်ကြောင့် မကျန်းမာသနည်း" ဟု မိမိကိုယ်ကို မေးကြသည်။ ထို့ကြောင့်၊ အခြားသူများ၌ မရှိသောအခါ ယောသပ်အား အကောင်းဆုံးအရာကိုပေးခြင်းသည် သဘောထား ကွဲလွဲမှုဖြစ်စေသည်။ ဒုတိယ_ လူ့သဘောသဘာဝ၏ ပျက်စီးခြင်း။ အစ်ကိုများ မနာလိုဖြစ်ကြသည်မှာ သူတို့ထက်ပိုကောင်း၊ ပိုလှသောအင်္ကျီသည် ညီထံတွင် ရှိသောကြောင့် ဖြစ်သည်။ မနာလိုဖြစ်ခြင်း၏မျိုးစေ့ကို ကျွန်ုပ်တို့အားလုံး၌

> တွေ့ရှိရသည်။ ထိုအစ်ကိုများတွင်သာမက၊ ကျွန်ုပ်တို့၌လည်းရှိသည်။ သို့သော် ခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့သည် ၎င်းကို ဦးစွာခွဲခြားသိမြင်ရန်လိုပြီး၊ မနာလိုခြင်း၏အပြစ်ကိုသိထားခြင်းဖြင့် ၎င်းကိုရပ်တန့်နိုင်သည်။
>
> **— Rev. Dr. Cyprian K. Guchienda**

ယောသပ်သည် သူ၏အစ်ကိုများကို တုန်လှုပ်စေခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘိုးဘေးတို့၏ သဘောထားကွဲလွဲမှုကို မောရှေသည် တင်ပြပြီးနောက်၊ ၃၇:၁၂-၃၆ ၏ဒုတိယအပိုင်းကို ဆက်၍ဖော်ပြခဲ့သည်။ ဤအခန်းငယ်များတွင် အစ်ကိုများသည် ယောသပ်အား ကျွန်အဖြစ်သို့မည်ကဲ့သို့ရောင်းခဲ့ကြောင်း ရှင်းပြထားသော ဇာတ်ကြောင်းတိုများပါရှိသည်။

## အစ်ကိုများယောသပ်ကို ရောင်းခဲ့ခြင်း

ဤတွင် အစ်ကိုများသည် ယောသပ်ကို ဖမ်း၍လှပသောဝတ်လုံကိုချွတ်ကာ သတ်ပစ်ရန် ကြံစည်ကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ယောသပ်လွတ်မြောက်ရန် အစ်ကိုအကြီးဆုံး ရုဗင်၏ကြိုးစားမှုသည် အချည်းနှီးဖြစ်ခဲ့သည်။ သို့သော် နောက်ဆုံးတွင်၊ ယောသပ်အား သတ်မည့်အစား ကျွန်အဖြစ် ရောင်းချသင့်သည်ဟု အခြားသူများကို စည်းရုံးခဲ့သူမှာ ယုဒဖြစ်သည်။ ဤအပိုင်းသည် ယောသပ်အား သားရဲတိရစ္ဆာန်တစ်ကောင်၏ ကိုက်စားခြင်းခံရကြောင်း အစ်ကိုများ၏ ကြေကွဲဖွယ်ကောင်းသော ယာကုပ်ထံသို့လှည့်ဖြားတင်ပြခြင်းဖြင့် အဆုံးသတ်ထားသည်။ အစ်ကိုများသည် ယောသပ်၏သွေးစွန်းသောဝတ်လုံကို ယာကုပ်အား ပေးအပ်ကြပြီး၊ ယာကုပ်သည် ပြင်းထန်စွာ ငိုကြွေးမြည်တမ်းလေသည်။

ဤအပိုင်းနှစ်ပိုင်းသည် ယောသပ်နှင့် သူ၏အစ်ကိုများ၏ ဇာတ်လမ်းတစ်ခုလုံးအတွက် လမ်းစပေးမည့် သိသာထင်ရှားသောပြဿနာကို မိတ်ဆက်ပေးသည်။ ဤသည်မှာ ဣသရေလလူမျိုးစုဆိုင်ရာ ဘိုးဘေးများကြားတွင် ကြေကွဲဖွယ်သဘောထားကွဲလွဲမှု၏အစဖြစ်သည်။

ယောသပ်၏အနာဂတ်အုပ်ချုပ်မှုနှင့်ပတ်သက်၍ ဘိုးဘေးတို့၏သဘောထားကွဲလွဲမှုစတင်ပြီးနောက်၊ မောရှေသည် ဒုတိယအဆင့်ကို ဖော်ပြခဲ့သည်။ ၃၈:၁–၄၁:၅၇ တွင် ယောသပ်၏ ခြိမ်းခြောက်သောအုပ်ချုပ်မှု ဖြစ်ပေါ်လာခြင်းအကြောင်း မောရှေပြောပြသည်။

# ယောသပ်၏ခက်ခဲစွာအုပ်ချုပ်ခြင်း (ကမ္ဘာဦး ၃၈:၁–၄၁:၅၇)

ဤအဆင့်တွင်၊ မောရှေသည် ဇာတ်ကောင်စရိုက်များမရှိသည့်ဇာတ်လမ်းကို ပရိသတ်အားသိမြင်စေခြင်းဖြင့် သိသာထင်ရှားသောဝိရောဓိကို အသုံးပြုခဲ့သည်။ ပထမ၊ ယောသပ်၏အစ်ကိုများ—ဤနေရာတွင် ယုဒသည် ကိုယ်စားပြုသည်— ခါနာန်တွင်နေထိုင်ကြပြီး၊ သူတို့ထက်သာလွန်မှုမရှိအောင် ယောသပ်ကို တားဆီးထားကြောင်း ယုံကြည်ပုံရသည်။ သို့သော် အခြားဇာတ်ကောင်စရိုက်များကို မသိသောကြောင့်၊ အီဂျစ်ပြည်တွင် ယောသပ်၏အုပ်ချုပ်မှုသည် ကြီးထွားလာသည်။ ဘုရားသခင်သည် ယောသပ်၏ကျွန်ခံခြင်းကို ချီးမြှောက်ခြင်းဆီသို့ သူ့မိသားစုအပေါ် ပြုပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယောသပ်၏ခက်ခဲစွာအုပ်ချုပ်ခြင်းအပေါ် အထူးပြုခြင်းအား အဓိကအပိုင်းနှစ်ပိုင်း ပိုင်းခြားထားသည်။ ပထမ၊ ၃၈:၁-၃၀ တွင် ခါနာန်၌တာမာအပေါ် ယုဒ၏အပြစ်ကို ဖော်ပြသည်။ ထို့နောက်၊ ၃၉:၁–၄၁:၅၇ တွင်၊ အီဂျစ်ပြည်၌ ယောသပ်၏အောင်မြင်မှုအကြောင်း ကျွန်ုပ်တို့ လေ့လာသိရှိရသည်။ ခါနန်ပြည်၌ ယုဒ၏အပြစ်ပြုခြင်းကို ကြည့်ကြပါစို့။

## ခါနန်ပြည်၌ ယုဒ၏အပြစ်ပြုခြင်း (ကမ္ဘာဦး ၃၈း၁-၃၀)

ရှေ့အပိုင်းတွင် ယုဒသည်ရုဗင်ထက် ယောသပ်ကိုအစ်ကိုများ သတ်ရန်ကြံစည်ခြင်းမှ တားမြစ်သောကြောင့်၊ ဤအခန်းတွင် ယုဒသည်အဓိကဖြစ်သည်။ ထို့ကြောင့်၊ ဤအပိုင်းသည် သူ၏အစ်ကိုများကြားတွင် ယာကုပ်သား၏အမြင့်ဆုံးသောလုပ်ဆောင်ချက်များကို ကိုယ်စားပြုသည်။ ခါနာန်၌ယုဒအပြစ်ပြုခြင်း၏အပိုင်းသည် ၃၈:၁-၅ တွင် ယုဒ၏သားများမွေးဖွားကြောင်း ဖော်ပြခြင်းဖြင့် စတင်သည်။ ယုဒသည် ခါနာန်အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့သောအခါ၊ အပိုဒ်ငယ် ၂ တွင် ကိုယ်ကျင့်တရားဆိုင်ရာကို ဖော်ပြထားပါသည်။

အခန်းငယ် ၆-၁၁ တွင် ယုဒ၏သားများနှင့် တာမာတို့၏ မှတ်တမ်းကိုတွေ့ရှိရသည်။ ရှေးဦးစွာ ယုဒသည် တာမာကို သူ၏သားအကြီးဆုံး ဧရအား ပေးခဲ့သည်။ ဧရသေသောအခါ၊ ယုဒသည်တာမာကို သားသြနန်အား ပေးခဲ့သည်။ ကလေးမရှိသောမုဆိုးမအား ခဲအို၏လက်ထပ်ခြင်း၊ သို့မဟုတ် လေဝိဆိုင်ရာထိမ်းမြားလက်ထပ်ခြင်းကို တရားဟောရာ ၂၅:၅-၁၀ တွင် မိန့်မှာထားသည်။ ဤအလေ့အထသည် ကွယ်လွန်သွားသော အစ်ကိုဖြစ်သူ၏အမွေဆက်ခံသူဖြစ်ကြောင်း အာမခံခြင်းနှင့် မုဆိုးမကို အကာအကွယ်ပေးခြင်းဖြစ်သည်။ သို့သော် အခန်းငယ် ၉ တွင်၊ တာမာကလေးရဖို့ရန် သြနန်သည် ငြင်းဆိုခဲ့သည်။ ထို့ကြောင့်၊ အခန်းငယ် ၁၀ တွင် ဘုရားသခင်သည် သြနန်၏အသက်ကို သိမ်းယူခဲ့သည်။ သူ၏တတိယသားငယ်ရှေလသည် အလားတူဖြစ်မည်ကို ယုဒကြောက်ရွံ့ခဲ့သည်။ ထို့ကြောင့် ရှေလအား တာမာကိုလက်ထပ်ခွင့်မပေးပါ။ ၎င်းအစား၊ တာမာကိုသူ့ဖခင်ထံသို့ ပြန်ပို့ခြင်းဖြင့် အရှက်ကွဲစေသည်။

အခန်းငယ် ၁၂-၂၆ တွင် တာမာသည် ယုဒကို ဖြားယောင်းသွေးဆောင်ခြင်း၏ မှတ်တမ်းကို တွေ့ရှိရသည်။ ရှေလနှင့်လက်ထပ်မည်မဟုတ်ကြောင်း တာမာသိသောအခါ၊ ပြည်တန်ဆာအဖြစ်အသွင်ပြောင်းကာ ယုဒပြည်ကို သွေးဆောင်ခဲ့သည်။ ယုဒ၏ တံဆိပ်၊ စလွယ်နှင့်တောင်ဝှေးကို သိမ်းဆည်းခြင်းဖြင့် ယုဒကို လိမ္မာပါးနပ်စွာလှည့်စားခဲ့သည်။ သုံးလကြာပြီးနောက်၊ အခန်းငယ် ၂၄-၂၆ တွင် တာမာသည် ကိုယ်ဝန်ရှိနေကြောင်း ယုဒကြားသိသောအခါဒေါသတကြီးဖြင့် ကွပ်မျက်ရန် အမိန့်ပေးခဲ့သည်။ တာမာသည် ယုဒပေးသော တံဆိပ်၊ စလွယ်နှင့်တောင်ဝှေးကို ထုတ်ပြလေသည်။ ယုဒသည် မိမိပြုသောအမှုကို သိသောအခါ၊ မိမိအပြစ်ကို ဝန်ခံခဲ့သည်။ ကမ္ဘာဦး ၃၈:၂၆ ယုဒပြောခဲ့သောစကားကို နားထောင်ပါ_

> သူ့အား ငါ့သားရှေလကို ငါမပေးစားဘဲနေမိပြီ (ကမ္ဘာဦး ၃၈း၂၆)။

ဤအခန်းငယ်ဖော်ပြသည့်အတိုင်း၊ ဘိုးဘေးယုဒသည် တာမာပြုသမျှထက် သူ၏အပြစ်သည်များစွာဆိုးရွားကြောင်း ဝန်ခံခဲ့သည်။ နှိမ့်ချစွာဝန်ခံခြင်းနှင့် နောင်တရခြင်းတွင် သူသည် စံနမူနာဖြစ်ခဲ့သည်။ ဤစိတ်နှလုံးပြောင်းလဲခြင်းကြောင့်၊ တာမာကိုပြစ်မှားသောယုဒ၏ဇာတ်လမ်းသည် အပြုသဘောဆောင်သောအဆုံးသတ်ဖြစ်သည်။ ခါနာန်အမျိုးသမီးတစ်ဦးနှင့် ယုဒ၏သားများအကြောင်း အဖွင့်အပိုင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နှင့်မတူဘဲ မောရှေသည် အခန်းငယ် ၂၇-၃၀ တွင် တာမာ၌ယုဒ၏သားများမွေးဖွားခြင်းအား ဖော်ပြခြင်း ဖြင့် ဤအပိုင်းကို အဆုံးသတ်ထားသည်။ ဖာရက်နှင့် ဇာရတို့သည် ယုဒအမျိုးတွင် ထင်ရှားသောအမည် များဖြစ်လာသည်။

ခါနာန်၌ယုဒ၏အပြစ်ပြုသောဖြစ်ရပ်များကို စိတ်တွင်မှတ်သားထားခြင်းဖြင့်၊ ယောသပ်၏ ခက်ခဲစွာအုပ်ချုပ်ခြင်းဆိုင်ရာ ဒုတိယအပိုင်းကို ကြည့်ကြပါစို့။ ကမ္ဘာဦး ၃၉:၁–၄၁:၅၇ တွင်တွေ့ရ သော ဤအပိုင်းသည် အီဂျစ်ပြည်တွင် ယောသပ်၏အောင်မြင်မှုမှတ်တမ်းဖြစ်သည်။

## အီဂျစ်တွင် ယောသပ်၏အောင်မြင်မှု (ကမ္ဘာဦး ၃၉:၁–၄၁:၅၇)

ဤကဏ္ဍကို အဓိကအပိုင်းသုံးပိုင်းခွဲထားသည်။ ပထမအပိုင်းသည် ၃၉:၁-၂၃ တွင် ယောသပ်၏ ပေါတိဖာအိမ်မှထောင်သို့ ပြောင်းရွှေ့မှုကို ဖော်ပြသည်။ ယောသပ်သည် အဲဂုတ္တုပြည်သို့ရောက်ပြီး နောက် ပေါတိဖာ၏ မျက်နှာသာပေးခြင်းခံရပြီး အိမ်သူအိမ်သားများကို အုပ်စိုးခဲ့သည်။ သို့သော် ပေါတိဖာ၏ဇနီးသည် ယောသပ်ကို သွေးဆောင်ရန် ကြိုးစားခဲ့သည်။ မအောင်မြင်သောအခါ ယောသပ် အား အကျင့်ပျက်သည်ဟု စွပ်စွဲခဲ့သည်။ ယောသပ်သည် သူမ၏ပြောဆိုမှုများကို ငြင်းဆိုသော်လည်း ပေါတိဖာသည် သူ့ဇနီး၏မှားယွင်းသောစွပ်စွဲချက်ကို ယုံကြည်ခဲ့သည်။ ယောသပ်အား ဖာရောဘုရင်၏ အကျဉ်းထောင်သို့ ပို့ခဲ့ပြီး၊ သူသည်ထောင်မှူး၏ယုံကြည်မှုကို လျှင်မြန်စွာပင်ရရှိခဲ့သည်။ ဤအပိုင်းသည် တာမာနှင့် ယုဒအပြစ်များ၏ဇာတ်လမ်းနောက်တွင် ဖော်ပြထားသောကြောင့်၊ ၎င်းသည် ယုဒ၏ အစောပိုင်းအကျင့်ယိုယွင်းမှုနှင့် ယောသပ်၏ကိုယ်ကျင့်တရားသန့်ရှင်းစင်ကြယ်မှုသည် ရှင်းလင်းစွာ ဆန့်ကျင်ဘက်ဖြစ်သည်။

> ယုဒနှင့် တာမာအကြောင်း ဇာတ်လမ်းကိုဖတ်သောအခါ ဇာတ်လမ်းကိုဖြတ်ယူပြီး အခြားနေရာတွင် ကူးထည့်သင့်သည်ဟု ခံစားရသည်။ သို့တိုင်၊ သင်အမှန် တကယ်အကြောင်းအရာကိုဖတ်သောအခါ၊ ယောသပ်ဇာတ်လမ်းကို စတင်ပြီးနောက် ဘုရားသခင်သည် အဘယ်ကြောင့်ထိုဇာတ်လမ်းကို ထည့်ထားသည်ကို သိရှိနားလည်လာသည်။ မတရားသောသူနှင့် ဖြောင့်မတ် သူကြား ခြားနားချက်ကို ဖော်ပြလိုသောကြောင့် ထိုသို့လုပ်သည်ဟု ထင်ပါသည်။ ယောသပ်သည် ပေါတိဖာ၏ဇနီး၏ လိင်ပိုင်းဆိုင်ရာသွေးဆောင်မှုကို တွန်းလှန်ရန် ဆန္ဒရှိသည်။ ယုဒသည် အမှန်တကယ် ပြည့်တန်ဆာနှင့် တလိုတလားပြစ်မှားသည်၊ ဘာသာရေးအရအထွတ်အမြတ်နေရာ ပြည့်တန်ဆာနှင့်ပင်လျှင် ဖြစ်နိုင်သည်။ ထိုကွာခြားချက်ကို သင်တွေ့မြင်နိုင်သည်၊ အမှန်တကယ်တွင် ယောသပ်သည် သားဦးမဟုတ်သော်လည်း၊ သူ၏မိသားစုကိုဖြောင့်မတ်ခြင်းသို့ ဦးဆောင်သူဖြစ်သောကြောင့် ဘုရားသခင်သည် ယောသပ်အား သားဦး၏ နှစ်ဆသောကောင်းချီးပေးမည်ဖြစ်သည်။
>
> **ဒေါက်တာ Stephen J. Bramer**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒုတိယ၊ ၄၀:၁–၄၁:၅၇ တွင် ယောသပ်သည်ထောင်မှ ဖါရောဘုရင်၏နန်းတော်သို့ ပြောင်းရွှေ့ခဲ့သည်။ ဤအပိုင်းတွင်၊ ဖာရောဘုရင်၏ အရာရှိများ၏အိပ်မက်များကို အနက်ပြန်ဆိုခြင်းဖြင့် ယောသပ်သည် အာဏာရလာပုံကို မောရှေရှင်းပြခဲ့သည်။ ထို့နောက်တွင်၊ ကြွယ်ဝခြင်းခုနစ်နှစ်နှင့် အစာခေါင်းပါးခြင်း ခုနစ်နှစ်အကြောင်း ဖာရောဘုရင်၏အိပ်မက်များကို အနက်ပြန်ဆိုခဲ့သည်။

တတိယအပိုင်း၊ ၄၁:၄၆-၅၇ တွင်၊ မောရှေသည် ဖာရောဘုရင်၏နန်းတော်တွင် ယောသပ်၏အုပ်ချုပ်မှုကို အကျဉ်းချုပ်ဖော်ပြသည်။ ဤအပိုင်းတွင် ဖာရောမင်းကိုယ်တိုင်ဒုတိယနေရာရောက်သည်တိုင်အောင် အီဂျစ်ပြည်၌ ယောသပ်အခွင့်အာဏာကျင့်သုံးသည့် နည်းလမ်းများစွာကို မောရှေဖော်ပြသည်။ ယောသပ်၏အောင်မြင်မှုအပိုင်းတစ်ခုစီတွင်၊ ယောသပ်သည် သူ၏ကိုယ်ပိုင်ဉာဏ်ပညာဖြင့်မဟုတ်ဘဲ ဘုရားသခင်၏လက်တော်ဖြင့် အခွင့်အာဏာရလာကြောင်း မောရှေရှင်းလင်းစွာ ဖော်ပြသည်။

ယခု ကျွန်ုပ်တို့သည် ယောသပ်၏အနာဂတ်အုပ်ချုပ်မှုနှင့် အီဂျစ်ပြည်တွင် ယောသပ်၏ခက်ခဲစွာအုပ်ချုပ်ခြင်းနှင့်ပတ်သက်၍ ဘိုးဘေးတို့၏သဘောထားကွဲလွဲမှုကို လေ့လာခဲ့ပြီးနောက်၊ ကျွန်ုပ်တို့သည် ဇာတ်လမ်း၏အဓိကအချက်သို့လေ့လာသင့်သည်_ကမ္ဘာဦး ၄၂:၁-၄၇:၁၂ တွင် မှတ်တမ်း တင်ထားသော အီဂျစ်၌ဘိုးဘေးများ၏ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း။

## ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (ကမ္ဘာ ၄၂:၁–၄၇:၁၂)

ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာ အဓိကဇာတ်ကြောင်းတွင် ယောသပ်၏မိသားစုသည် ခါနာန်မှ အီဂျစ်သို့သွားသော နီးကပ်စွာချိတ်ဆက်ထားသည့် ခရီးစဉ်သုံးကြိမ်ပါဝင်သည်။ ပထမခရီးစဉ်သည် ကမ္ဘာဦး ၄၂:၁-၃၈ တွင်ဖြစ်သည်။ ဒုတိယခရီးစဉ်ကို ၄၃:၁–၄၅:၂၈ တွင်တွေ့နိုင်သည်။ တတိယခရီးစဉ်ကို ၄၆:၁–၄၇:၁၂ တွင်တွေ့နိုင်ပါသည်။ ပထမဆုံး ခရီးစဉ်ကို ကြည့်ကြပါစို့။

### ပထမခရီးစဉ် (ကမ္ဘာဦး ၄၂:၁-၃၈)

ပထမခရီးစဉ်သည် မှတ်တမ်းသုံးခုတွင် အရိုးရှင်းဆုံးဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲနိုင်သည်။ ပထမ၊ ၄၂:၁-၅ တွင် အစ်ကိုများသည် ကြီးစွာသောအစာခေါင်းပါးမှုကြောင့် ခါနာန်မှ အီဂျစ်ပြည်သို့ ထွက်ခွာခဲ့ကြသည်။ ဤအပိုင်းတွင်၊ ယာကုပ်သည် ဗင်ယာမိန်မှလွဲ၍ ယောသပ်၏အစ်ကိုများအားလုံးကို အီဂျစ်ပြည်တွင် အစာဝယ်ရန် စေလွှတ်ခဲ့သည်။

ဒုတိယအပိုင်း၊ ၄၂:၆-၂၈ တွင်၊ သူ၏အစ်ကိုများကို ယောသပ်ပထမဆုံးမှတ်မိသော အီဂျစ်ပြည်ရှိ အဖြစ်အပျက်များနှင့် သက်ဆိုင်သည်။ ယောသပ်သည် သူမည်သူမည်ဝါဖြစ်သည်ကို မဖော်ပြသော်လည်း၊ ဗင်ယာမိန်ကိုခေါ်ဆောင်ရန် ခါနန်ပြည်သို့ပြန်ပို့ခြင်းဖြင့် သူ၏အစ်ကိုများ၏သဘောထားကို စမ်းသပ်ခဲ့သည်။ ပထမတွင်၊ ယောသပ်သည် အီဂျစ်သို့ဗယ်ာမိန်မရောက်မီအထိ ၎င်းတို့ထဲမှတစ်ဦးကို ထောင်ထဲတွင် ထိန်းသိမ်းထားမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ရလဒ်အနေနှင့်၊ အစ်ကိုများသည် သူတို့၏လက်ခံရန်အချိန်ရောက်ကြောင်း စတင်သိရှိလာကြသည်။ ၄၂:၂၁ တွင် အချင်းချင်းပြောကြသည်_ “အကယ်စင်စစ် ငါတို့ သည် ညီ၏အမှု၌ အပြစ်ကြီးကြ၏။" သုံးရက်ကြာသောအခါ၊ ယောသပ်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗယ်္ာမိန်ကို ပြန်လည်ခေါ်ဆောင်ရန် ရှိမောင်မှတပါးအားလုံးကို စေလွှတ်လိုက်သည်။ စပါးဝယ်ရန် သူတို့ယူလာသောငွေနှင့် ကောက်ပဲသီးနှံများကို သူတို့၏အိတ်များတွင်ဖြည့်ပေးရန် အမိန့်ပေးခဲ့သည်။ အစ်ကိုများ ပြန်သွားစဉ်တွင်၊ သူတို့ထဲမှတစ်ယောက်သည် အိတ်ထဲတွင်ရှိသောငွေကို ရှာတွေ့လေသည်။ အစ်ကိုများသည် အခန်းငယ် ၂၈ တွင် "ဘုရားသခင်ပြုတော်မူသော ဤအမှုသည်အဘယ်အမှုဖြစ်ပါလိမ့်မည်နည်း"ဟု ကြောက်လန့်လျှက်ဆိုကြသည်။

တတိယအပိုင်း၊ အခန်းငယ် ၂၉-၃၈ တွင် အစ်ကိုများ ခါနန်ပြည်သို့ ပြန်သွားသောအခါ ဖြစ်ပျက်ခဲ့သည့်အရာကို ဖော်ပြသည်။ ဗယ်္ာမိန်ကို အဲဂုတ္တုပြည်သို့ပြန်လည်စေလွှတ်ရန် ဖခင်အားကြိုးပမ်းစည်းရုံးခဲ့သော်လည်း ယာကုပ်သည် ငြင်းဆိုခဲ့သည်။ ထို့ကြောင့် အစ်ကိုများသည် ခါနန်ပြည်၌နေခဲ့ကြသည်။

## ဒုတိယခရီးစဉ် (ကမ္ဘာဦး ၄၃:၁–၄၅:၂၈)

ပထမခရီးစဉ်ကို အကျဉ်းချုပ်လေ့လာပြီးနောက်၊ ကမ္ဘာဦး ၄၃:၁–၄၅:၂၈ ပါ ဒုတိယခရီးစဉ်၏ အဖြစ်အပျက်များကို ကြည့်ကြပါစို့။ ပထမခရီးထက် အနည်းငယ်ရှုပ်ထွေးသော်လည်း ဒုတိယခရီးစဉ်သည် အဓိကအပိုင်းသုံးပိုင်း ပိုင်းခြားထားသည်။ ပထမအပိုင်း ၄၃:၁-၁၄ သည်၊ အစ်ကိုများ အီဂျစ်ပြည်သို့ ခရီးမသွားမီ ဖြစ်သည်။ ရိက္ခာပြတ်သွားပြီးနောက်၊ နောက်ဆုံးတွင်ယာကုပ်သည် ဗယ်္ာမိန်ကို ၎င်း၏အစ်ကိုများနှင့်အတူ အီဂျစ်ပြည်သို့ စေလွှတ်ရန် သဘောတူခဲ့သည်။

ဒုတိယအပိုင်း၊ ၄၃:၁၅–၄၅:၂၄ တွင်၊ အီဂျစ်၌ဖြစ်ပျက်သော အဖြစ်အပျက်များကို ရှည်လျားစွာ သရုပ်ဖော်ထားသည်။ ပထမ၊ ၄၃:၁၅-၃၄ တွင်၊ ယောသပ်သည် သူ၏အစ်ကိုများကို သူ့အိမ်၌ ကြီးစွာသောပွဲတော်ဖြင့် ကြိုဆိုခဲ့သည်။ သို့သော် သူသည် သူမည်သူမည်ဝါဖြစ်သည်ကို လျှို့ဝှက်ထားခဲ့သည်။ ၄၃:၃၀ အရ၊ ယောသပ်သည် ဗယ်္ာမိန်ရှေ့တွင် *အလွန်* စိတ်လှုပ်ရှားသဖြင့် ငိုရန် အခန်းမှ ထွက်ခဲ့လေသည်။

၄၄:၁-၁၃ တွင် ယောသပ်သည် သူ၏အစ်ကိုများကို ထပ်မံစမ်းသပ်ခဲ့သည်။ ဗယ်္ာမိန်၏အိတ်ထဲတွင် ငွေဖလားတစ်လုံးနှင့် စပါးအဖိုးငွေကို ဘဏ္ဍာစိုးအားထည့်ထားဖို့ရန်မှာထားလေသည်။ ထို့နောက် ယောသပ်သည် အစ်ကိုတို့ကို ခါနာန်ပြည်သို့ ပြန်စေသည်။ သို့သော် ယောသပ်၏ညွှန်ကြားချက်အရ ဘဏ္ဍာစိုးသည် အစ်ကိုများကို ဖမ်းလေသည်။ ဗယ်္ာမိန်၏အိတ်ထဲတွင် ငွေဖလားကို "တွေ့" ပြီးနောက် အစ်ကိုများကို ယောသပ်အိမ်သို့ ပြန်ပို့ဆောင်ခဲ့သည်။

အခန်းငယ် ၁၄-၃၄ တွင်၊ ယုဒသည် ယောသပ်ထံမှ ကရုဏာကို တောင်းခံပြီး၊ အခန်းငယ် ၁၆ တွင် ဝန်ခံခဲ့သည်။ "ကိုယ်တော်ကျွန်တို့၏အပြစ်ကို ဘုရားသခင်စစ်၍တွေ့တော်မူပြီး။" ထို့နောက် ယုဒသည် မိမိကိုယ်ကျိုးမဖက်ဘဲ ဗယ်္ာမိန်အစား အဲဂုတ္တုပြည်၌နေရန် ကမ်းလှမ်းခဲ့သည်။ ယုဒ၏ နှိမ့်ချသောအသနားခံမှုကြောင့် ယောသပ်သည် စိတ်လှုပ်ရှားခဲ့သည်။ ၄၅:၁-၁၅ တွင်၊ နောက်ဆုံးတွင် ယောသပ်သည် သူမည်သူမည်ဝါဖြစ်သည်ကို သူ၏အစ်ကိုများအား ဖော်ပြခဲ့သည်။ အခန်း ၄၅:၂ တွင် "[ယောသပ်] သည် အဲဂုတ္တုလူများ၊ ဖာရောဘုရင်၏အိမ်သူအိမ်သားများ ကြားသည့်တိုင်အောင် ကျယ်လောင်စွာငိုကြွေးလေသည်။ ယောသပ်သည် အပိုဒ်ငယ် ၇ တွင် "ဘုရားသခင်သည် သင်တို့ကို မြေကြီးပေါ်မှာ ကျန်ကြွင်းစေခြင်းငှါ၎င်း၊ ကြီးစွာသော ကယ်တင်ခြင်းအားဖြင့် သင်တို့အသက်ကို ချမ်းသာစေခြင်းငှါ၎င်း၊ သင်တို့ရှေ့မှာ ကျွန်ုပ်ကို စေလွှတ်တော်မူပြီ။"ဟုဆိုသည်။ ဖခင်ယာကုပ်ကို

အဲဂုတ္တုပြည်သို့ ခေါ်ဆောင်လာရန် အစ်ကိုတို့ကို အမိန့်ပေးတော်မူသည်။ အခန်းငယ် ၁၄-၁၅ တွင် ယောသပ်နှင့် ဗယ်္ာမိန်တို့ အချင်းချင်း ပွေ့ဖက်ကာ ယောသပ်သည် အစ်ကိုအားလုံးနှင့် နမ်းပြီး စကားပြောသည့် ကြည်နူးဖွယ်ကောင်းသော အဖြစ်အပျက်ဖြင့် ဤမြင်ကွင်းကို အဆုံးသတ်ထားသည်။

> ယောသပ်ဇတ်လမ်း၏ အလယ်အပိုင်းသည် ယောသပ်နှင့် သူ၏အစ်ကိုများကြား ပြန်လည်သင့်မြတ်ခြင်းအကြောင်းဖြစ်သည်။ သူသည် အဲဂုတ္တုပြည်ကို သွားသည်၊ အခက်အခဲရုန်းကန်မှုများ ကြုံလာသည်၊ ယောသပ်၏အစ်ကို များသည် အစာခေါင်းပါးမှုနှင့် ငတ်မွတ်မှုဘေးမှ လွတ်မြောက်ရန်အစားအစာနှင့် ကယ်ဆယ်ခြင်းများကို လာရှာကြသည်၊ သို့သော် ၎င်း၏အလယ်တွင်၊ အထူးသဖြင့် အခန်း ၄၅ တွင်၊ ဤခမ်းနားသည့်ဖော်ပြချက်ရှိသည်—၎င်းသည် အမှန်တကယ် ခမ်းနားသည်—၎င်းသည် ကမ္ဘာဦးကျမ်းတစ်အုပ်လုံး၏ စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးနှင့် စိတ်ခံစားမှုအရှိဆုံးအပိုင်းများထဲမှ တစ်ခုဖြစ်ပြီး၊ ၎င်းသည် ယောသပ်နှင့် သူ၏အစ်ကိုများ နောက်ဆုံးတွင် ပြန်လည်သင့်မြတ်ချိန်ဖြစ်သည်။ ထို့ပြင် သူတို့တစ်ဦးကိုတစ်ဦး ပွေ့ဖက်ကာ ငိုယိုကြသည်ကို သင်မြင်တွေ့နိုင်ပါသည်။ သူတို့အလွန်ငိုကြွေးကြသောကြောင့် အဲဂုတ္တုလူများပင်လျှင် အဘယ်ကြောင့် ငိုနေကြသနည်းဟုအံ့သြကြသည်။ ထို့ကြောင့် အစ်ကိုများကြားတွင် သဘောထားကွဲလွဲမှုများ ရှိခဲ့သောကြောင့် ချစ်စရာကောင်းသောပုံရိပ်ဖြစ်သော်လည်း ထိုအချိန်တွင် ၎င်းတို့သည် အပြည့်အဝစည်းလုံးသွားကြသည်။ ဦးစွာ၊ စည်းလုံးညီညွတ်ခြင်းက ယောသပ်သည် သူ၏အစ်ကိုများကို စမ်းသပ်ခဲ့ပြီး၊ သူတို့ ပြောင်းလဲသွား ကြောင်းကို သိရှိခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူတို့သည် သူ့ဖခင်ကို လှည့်စားစဉ်ခါကဲ့သို့၊ သူ့အသက်ကို သတ်ရန်ကြံစည်စဉ်ခါကဲ့သို့စသည့် ယခင်ကဲ့သို့ မဟုတ်ကြတော့ပါ။ သူတို့သည် ပြောင်းလဲလာသောလူများဖြစ်ပြီး၊ အထူးသဖြင့်ယုဒကဲ့သို့သော သူတို့ထဲမှ အချို့သည် *ပြောင်းလဲသော* လူများအဖြစ် ထင်ရှားပေါ်လွင်သည်...ပြန်လည်သင့်မြတ်ခြင်းသည် ဤအစ်ကိုများပြောင်းလဲသွားခြင်းနှင့် ယောသပ်၏ ပြောင်းလဲသွားခြင်းမှ ဖြစ်ပေါ်လာပါသည်။ သူသည် သူ၏အိပ်မက်များ၊ ထိုသို့သောအရာများ နှင့်ပတ်သက်၍ ဤအလွန်မာနကြီးမထီလေးစားပြုတတ်သောလူရွယ်အဖြစ်မှ ယခုအခါ ရာထူးအာဏာရှိသောကရုဏာရှိသူအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ထိုအခန်းများတွင် ဖြစ်ပျက်သည့် အပြောင်းအလဲများကို သင်မြင်ရသကဲ့သို့၊ သို့မဟုတ် ထိုအခန်းများတွင် သတိထားမိသည်နှင့်အမျှ၊ သူတို့သည် အချင်းချင်း ငိုယိုပြီး ဆုပ်ကိုင်ထားသည့် ဤမြင်ကွင်းသည် အလွန်တန်ဖိုးရှိပြီး မောရှေလက်ထက်တွင် ဣသရေလလူမျိုး၏ စိတ်ထဲတွင် စွဲမြဲနေမည်မှာ သေချာပါသည်။

ထို့နောက် ၄၅း၁၆-၂၄ တွင် ဖာရောဘုရင်သည် ယာကုပ်ကိုခေါ်ယူဖို့ရာ ၎င်း၏ညီများကိုစေလွှတ်ရန် ယောသပ်ကို အမိန့်ပေးခဲ့သည်။ ထို့ပြင် ဖာရောဘုရင်သည် အခန်းငယ် ၂၀ တွင်ယောသပ်ကို ကတိပေးခဲ့သည်– "အဲဂုတ္တုပြည်၏ စည်းစိမ်ရှိသမျှသည် သင်တို့ဥစ္စာဖြစ်၏" ယောသပ်သည် သူ့အစ်ကိုများကို ပူပူနွေးနွေးစည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းဖို့ရန် ညွှန်ကြားခဲ့သည်။ အပိုဒ်ငယ် ၂၄ တွင် ယောသပ်သည် "လမ်း၌ ရန်မတွေ့ကြနှင့်" ဟု ညွှန်ကြားခဲ့သည်။

ဒုတိယခရီးစဉ်၏နောက်ဆုံးအပိုင်း၊ ၄၅း၂၅-၂၈ တွင်၊ အစ်ကိုများသည် ခါနန်ပြည်သို့ပြန်လာကြသည်။ အဲဂုတ္တုပြည်၌ ဖြစ်ပျက်ခဲ့သည်များကို ယာကုပ်ကိုပြောပြပြီး၊ ယာကုပ်သည် သူတို့နှင့်အတူ အီဂျစ်ပြည်ကိုလိုက်ဖို့ရန် သဘောတူလေသည်။

ပထမခရီးနှင့် ဒုတိယခရီးစဉ်တွင် ဘိုးဘေးများ၏ ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းကို ကြည့်ရှုပြီးနောက်၊ ကမ္ဘာဦး ၄၆း၁–၄၇း၁၂ တွင်တွေ့ရသော တတိယခရီးစဉ်သို့ ကျွန်ုပ်တို့ ရောက်ရှိလာပြီဖြစ်သည်။

## တတိယခရီးစဉ် (ကမ္ဘာဦး ၄၆း၁–၄၇း၁၂)

တတိယခရီးစဉ်ကို အဓိကအပိုင်းနှစ်ပိုင်းခွဲထားသည်။ ပထမ၊ ၄၆း၁-၂၇ တွင် အစ်ကိုများ အီဂျစ်ပြည်သို့ တစ်ဖန်ပြန်သွားသော်လည်း ယခုတစ်ကြိမ်တွင် ယာကုပ်နှင့်အတူဖြစ်သည်ကို ဖော်ပြသည်။ အခန်းငယ် ၁-၇ တွင်၊ အီဂျစ်ပြည်၌ ယာကုပ်သည်ကောင်းချီးခံရမည်ဟူသော ဘုရားသခင်၏ အာမခံချက်နှင့် ခရီးသွားလာမှုတို့ကို ကျွန်ုပ်တို့လေ့လာရသည်။ အဲဂုတ္တုပြည်သို့သွားသော ယာကုပ်၏သားမြေးများစာရင်းနှင့်အတူ ခရီးသွားမှတ်တမ်းသည် ၄၆း၈-၂၇ တွင် အဆုံးသတ်သည်။

ဒုတိယ၊ ပထမနှင့် ဒုတိယခရီးများကဲ့သို့ပင်၊ ၄၆း၂၈–၄၇း၁၂ သည် အီဂျစ်နိုင်ငံရှိအဖြစ်အပျက်များနှင့်ပတ်သက်သော အပိုင်းတစ်ခုကို ပေးသည်။ အခန်း ၄၆း၂၈-၃၀ တွင် ယုဒသည် ဦးဆောင်အခန်းကဏ္ဍမှပါဝင်ခဲ့သည့် ယောသပ်နှင့် ယာကုပ်၏ပြန်လည်ဆုံဆည်းမှုကို ဖော်ပြထားသည် ။ ၄၆း၃၁–၄၇း၁၂ တွင်၊ ဖာရောဘုရင်သည် ယောသပ်၏မိသားစုကိုကြိုဆိုပြီး ယောသပ်၏စောင့်ရှောက်မှုအောက်တွင် ဂေါရှင်တွင်နေထိုင်ရန် အမိန့်ပေးခဲ့သည်။

ဘိုးဘေးများ၏ ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းအကြောင်း ရေးသားပြီးနောက်၊ မောရှေသည် သူ၏ဇာတ်လမ်းတွင် စတုတ္ထအဆင့် သို့မဟုတ် ကျရှုံးသွားသည့်လုပ်ဆောင်ချက်ကို ဖော်ပြသည်။ ကမ္ဘာဦး ၄၇း၁၃-၂၇ တွင်၊ မောရှေသည် အီဂျစ်ပြည်တွင် ယောသပ်၏သနားကြင်နာစွာ အုပ်ချုပ်မှုအကြောင်း ပြောပြသည်။

## ယောသပ်၏သနားကြင်နာစွာအုပ်ချုပ်ခြင်း (ကမ္ဘာဦး ၄၇း၁၃-၂၇)

၄၇း၁၃-၂၆ တွင်၊ အချိန်ကြာလာသည်နှင့်အမျှ အစာခေါင်းပါးမှု ပိုဆိုးလာကြောင်း ကျွန်ုပ်တို့ သိရှိလာရသည်။ ယောသပ်သည် အီဂျစ်ပြည်နှင့် ခါနာန်တစ်ခွင်၌ အစားအစာကို ရရှိအောင် ဆောင်ရွက်ခဲ့

သည်။ ထိုသူတို့ကို ကျွေးမွေးရန်အတွက် အဲဂုတ္တုပြည်နှင့် ခါနာန်လူတို့၏တိရစ္ဆာန်များနှင့် လယ်မြေများကိုဝယ်ယူခြင်းဖြင့် ဖာရောဘုရင်၏တန်ခိုးကိုတောင့်တင်းခိုင်မာစေခဲ့သည်။ ထိုဖြစ်စဉ်တွင်၊ သူသည် မရေမတွက်နိုင်သော အသက်များကို ကယ်တင်ခဲ့သည်။

ဤမှတ်တမ်း၏အဆုံးတွင်၊ ကမ္ဘာဦး ၄၇:၂၇ တွင်၊ ယောသပ်၏အုပ်ချုပ်မှုသည် ယာကုပ်နှင့် သူ၏သားများအပေါ် မည်သို့အကျိုးပြုကြောင်း မောရှေမှတ်ချက်ပေးခဲ့သည်။ မောရှေရေးသားခဲ့သည်မှာ_

> ဣသရေလသားတို့သည်၊ အဲဂုတ္တုပြည်ဂေါရှင် အရပ်၌နေသဖြင့်၊ ဥစ္စာရတတ်၍ တိုးပွါးများပြားကြ၏ (ကမ္ဘာ ၄၇:၂၇)။

ကနဦး ဘိုးဘေးတို့၏သဘောထားကွဲလွဲမှု၊ ယောသပ်၏ခက်ခဲစွာအုပ်ချုပ်ခြင်းကြီးထွား လာမှု၊ အစ်ကိုများ ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ အီဂျစ်ပြည်တွင် ယောသပ်၏သနားကြင်နာစွာအုပ်ချုပ်မှု၊ ယောသပ်နှင့် သူ၏အစ်ကိုများအကြောင်း မောရှေ၏ မှတ်တမ်း၏ နောက်ဆုံးအဆင့်သို့ ကျွန်ုပ်တို့ ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာဦး ၄၇:၂၈–၅၀:၂၆ တွင်၊ ယောသပ်၏ မိသားစုသည် ယောသပ်၏အုပ်ချုပ်မှုအောက်တွင် ဘိုးဘေးတို့၏စည်းလုံးညီညွတ်မှုကို ခံစားခဲ့ရသည်။

## ဘိုးဘေးတို့၏စည်းလုံးညီညွတ်မှု (ကမ္ဘာဦး ၄၇:၂၈–၅၀:၂၆)

ဤနောက်ဆုံးအဆင့်သည် ဘိုးဘေးများကြားတွင် သဘောထားကွဲလွဲမှုပြဿနာ၏အစကို ဖြေရှင်းပေးသည်။ ယောသပ်၏မိသားစုသဟဇာတဖြစ်မှုကို အာရုံစိုက်ခြင်းဖြင့်၊ ၎င်းသည် မောရှေ၏ ဣသရေလလူမျိုးပထမပရိသတ်အတွက် အထူးအရေးကြီးသည့် ကောင်းချီးများရရှိစေသည်။

ဘိုးဘေးတို့၏စည်းလုံးညီညွတ်မှုဆိုင်ရာအခန်းများကို အဓိကအပိုင်းနှစ်ပိုင်းခွဲထားသည်။ ပထမ၊ ကမ္ဘာဦး ၄၇:၂၈–၅၀:၁၄ တွင်၊ ယာကုပ်သည်သူ၏နောက်ဆုံးနေ့ရက်များတွင် ခိုင်မြဲသောမိသားစုဆိုင်ရာစီစဉ်ဆောင်ရွက်မှုများကို မောရှေအာရုံစိုက်ခဲ့သည်။ ထို့နောက်၊ ကမ္ဘာဦး ၅၀:၁၅-၂၆ တွင် ယောသပ်၏ ခိုင်မြဲသောမိသားစုဆိုင်ရာအစီအစဉ်များကို တွေ့မြင်ရသည်။ ယာကုပ်၏မိသားစုဆိုင်ရာ အစီအစဉ်များကို ဦးစွာကြည့်ရှုကြပါစို့။

## ယာကုပ်၏ မိသားစုဆိုင်ရာအစီအစဉ်များ (ကမ္ဘာဦး ၄၇:၂၈–၅၀:၁၄)

ဤအပိုင်းသည် ယာကုပ်သေဆုံးခါနီးတွင် စတင်သည်။ ၄၇:၂၈-၃၁ တွင်၊ ယာကုပ်သည် ယောသပ်အနေဖြင့်သူ့အား ခါနန်ပြည်၌သင်္ဂြိုဟ်ပါမည်ဟု ကျိန်ဆိုချက်တောင်းခံကြောင်းကို မောရှေရှင်းပြသည်။ ထို့နောက်၊ ၄၈:၁–၄၉:၂၈ တွင်၊ ယာကုပ်၏ကောင်းချီးများပါဝင်သည့် သီးခြားတွေ့ဆုံမှုနှစ်ခုအကြောင်း ကျွန်ုပ်တို့ဖတ်ရသည်။

ပထမတွေ့ဆုံမှုတွင်၊ ၄၈:၁-၂၂ တွင်၊ ယာကုပ်သည် ယောသပ်နှင့် သူ၏သား ဧဖရိမ်နှင့် မနာရှေတို့ကို သီးသန့်ကောင်းချီးပေးခဲ့သည်။ ဤတွင်၊ ယာကုပ်သည် ဧဖရိမ်နှင့် မနာရှေကို သူတို့၏ဦးလေးများနှင့် တန်းတူဆက်ဆံရန် စိတ်ပိုင်းဖြတ်ထားသောကြောင့်၊ သားဦးအားပေးလေ့ရှိသည့် အမွေနှစ်ဆသော

ချီးမြှောက်မှုကို ယောသပ်ရရှိခဲ့သည်။ သို့သော် မမျှော်လင့်ဘဲ၊ ယာကုပ်သည် ယောသပ်၏ဒုတိယသား၊ သားဦးမနာရှေထက် ထင်ရှားပေါ်လွင်သော ဧဖရိမ်ကိုပေးခဲ့သည်။

၄၉:၁-၂၈ တွင်၊ ယောသပ်နှင့် သူ၏သားများကို သီးသန့်ချီးမြှောက်ပြီးနောက်၊ ယာကုပ်၏သားများအားလုံးသည် သူ၏နောက်ဆုံးကောင်းချီးများကို ရရှိခဲ့ကြသည်။ ယာကုပ်သည် သူ၏သားများအားလုံးကို စုဝေးစေပြီး၊ ဘိုးဘေးတို့နေထိုင်ခဲ့ပုံနှင့် သင့်လျော်သောနည်းလမ်းများဖြင့် သူတို့တစ်ဦးစီ ကောင်းချီးပေးခဲ့သည်။ ယာကုပ်၏နောက်ဆုံးကောင်းချီးများအနေနှင့်၊ ဤအစီအစဉ်များသည် နောင်လာမည့်မျိုးဆက်များအတွက် ခံနိုင်ရည်ရှိစေရန် ရည်ရွယ်ပါသည်။

ကမ္ဘာဦး ၄၉:၂၉–၅၀:၁၄ တွင် ယာကုပ်၏သေဆုံးခြင်းနှင့် သင်္ဂြိုဟ်ခြင်းအကြောင်း လေ့လာခြင်းဖြင့် ဤအပိုင်းကို အဆုံးသတ်ထားသည်။ ဤအခန်းငယ်များတွင်၊ ယောသပ်သည် ခါနာန်တွင် သင်္ဂြိုဟ်ရန် ဖခင်၏ဆန္ဒကို ဖြည့်ဆည်းပေးခဲ့သည်။ ထို့နောက် အဲဂုတ္တုပြည်သို့ ပြန်သွားလေသည်။

ယောသပ်၏အုပ်ချုပ်မှုအောက်ရှိ ဘိုးဘေးတို့၏စည်းလုံးညီညွတ်မှုသည် ယာကုပ်၏မိသားစုဆိုင်ရာအစီအစဉ်များ၏ ကဏ္ဍတစ်ခုမျှသာမဟုတ်ပါ။ ကမ္ဘာဦး ၅၀:၁၅-၂၆ တွင် ယောသပ်၏ မိသားစုအစီအစဉ်များကိုလည်း ထည့်သွင်းထားသည်။

## ယောသပ်၏ မိသားစုဆိုင်ရာအစီအစဉ်များ (ကမ္ဘာဦး ၅၀:၁၅-၂၆)

ဤအကျဉ်းချုပ်ကဏ္ဍကို အတိုချုပ်ဖော်ပြချက်နှစ်ခုအဖြစ် ပိုင်းခြားထားသည်။ ၅၀:၁၅-၂၁ တွင်၊ ယောသပ်သည် အစ်ကိုများအပေါ် သူသည်ကြင်နာမှုရှိကြောင်း သူတို့ကိုစိတ်ချစေခဲ့သည်။ ယောသပ်၏ အစ်ကိုများသည် ခွင့်လွှတ်ရန် အသနားခံခဲ့ကြပြီး ယောသပ်သည် ကြင်နာစွာခွင့်လွှတ်ခဲ့သည်။

> ယောသပ်နှင့်သူ၏အစ်ကိုများဇာတ်လမ်းတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အရာတစ်ခုမှာ ခွင့်လွှတ်ခြင်း၏အစွမ်းတန်ခိုးဖြစ်သည်၊ အလွန်ခက်ခဲသော အခြေအနေများတွင်ပင် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ကောင်းမြတ်သော ရည်ရွယ်ချက်များကို ယုံကြည်ကိုးစားခြင်း၏အစွမ်းတန်ခိုးဖြစ်ပြီး၊ ခက်ခဲမှုအခြေအနေမတူညီသောသူများတွင်လည်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ "သူတို့သည် ကျွန်ုပ်ကိုဤအခြေအနေတွင်ထားသည်"ဟုပင် တိကျစွာ ပြောနိုင်ပါသည်။ သို့သော် ယောသပ်၏အစ်ကိုများအားတုံ့ပြန်မှုသည်၊ အဓိကအားဖြင့် သူ့ကို ကျွန်အဖြစ်ရောင်းစားခြင်းသည်၊ သခင်ဘုရားကို ယုံကြည်ခြင်းနှင့် နာခံခြင်းဖြစ်ပြီး သူ့အတွက်ဘုရားသခင် ရည်မှန်းထားသော ထူးခြားပြီး အရေးကြီးသည့်ရည်ရွယ်ချက် ပြည့်စုံခြင်းတစ်ခုဖြစ်သည်။
>
> **— Rev. Dr. Michael Walker**

ကမ္ဘာဦး ၅၀:၁၉-၂၁ တွင် ယောသပ်သည် သူ၏အစ်ကိုများကို ဤသို့ပြောခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယောသပ်ကလည်း၊ မစိုးရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရားသခင် ကိုယ်စားဖြစ်သလော။ သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည်အတိုင်း၊ လူများ အသက်ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည်ကြံတော်မူ၏။ ထိုကြောင့်၊ မစိုးရိမ်ကြနှင့်။ သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်ဟုဆိုလျက်၊ သူတို့ကို နှစ်သိမ့်စေ၍ မေတ္တာစကားကို ပြောလေ၏ (ကမ္ဘာဦး ၅၀း၁၉-၂၁)။

ယောသပ်နှင့် သူ၏အစ်ကိုများ၏ ဇာတ်လမ်းတစ်ခုလုံးကို ကမ္ဘာဦး ၅၀:၂၂-၂၆ တွင် ယောသပ်သည် မိမိညီအစ်ကိုများထံမှ ကျိန်ဆိုချက်တောင်းခံခြင်းဖြင့် နိဂုံးချုပ်ထားသည်။ ကမ္ဘာဦး ၅၀:၂၅ ကို နားထောင်ပါ_

ယောသပ်သည် ဣသရေလအမျိုးသားတို့ကို၊ "တဖန်တုံ၊ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကိုအကြည့်အရှုကြွလာတော်မူမည်။ ကျွန်ုပ်အရိုးတို့ကို ဤအရပ်မှယူသွားရမည်ဟူ၍ ဣသရေလအမျိုးသားတို့ကို ကျိန်ဆိုစေ၏" (ကမ္ဘာဦး ၅၀း၂၅)။

ကမ္ဘာဦးကျမ်းမှတ်တမ်းတွင်၊ ဤကျိန်ဆိုမှုသည် ယောသပ်မသေဆုံးမီ သူ၏အစ်ကိုများနှင့် နောက်ဆုံးအပြန်အလှန်ဆက်ဆံမှုဖြစ်သည်။ ဘုရားသခင်သည်ဣသရေလလူမျိုးကို အီဂျစ်ပြည်မှ ဘုရားသခင်ကယ်လွှတ်သောအခါ၊ သူတို့၏သားမြေးများကိုယ်စား ယောသပ်၏အစ်ကိုများသည် ယောသပ်၏အရိုးများကို ယူဆောင်ကာကတိတော်ပြည်၌ သင်္ဂြိုဟ်ရန် ကတိပြုခဲ့သည်။

ယောသပ်၏နောက်ဆုံးစကားများမှာ_ "ဘုရားသခင်သည် သင့်ကို ဧကန်မုချ စောင့်ရှောက်တော်မူလိမ့်မည်"—ဟု သူ၏အစ်ကိုများနှင့် သူ့မိသားစုအား အခြေခံအားဖြင့်ပြောသည် — "ငါ့အရိုးများကို ဤနေရာမှ ဆောင်သွားရမည်။" အီဂျစ်အုပ်စိုးရှင်တစ်ဦးအနေဖြင့်၊ ယောသပ်သေဆုံးပြီးသည်နှင့် မပုပ်မသိုးစေရန်ဆေးစီရင်ကာ ကျောက်တလားအတွင်း ထည့်ထားနိုင်ဖွယ်ရှိသည်။ ဤကျောက်တလားကိုတွေ့တိုင်း၊ ယောသပ်နှင့် ဘိုးဘေးတို့အားပေးသော သင်သည်ပြည်တော်သို့ ပြန်ရလိမ့်မည်ဟူသောကတိကို စဉ်းစားကြလိမ့်မည်။ ယောသပ်ကလည်း "ငါ့အရိုးတို့ကို ဆောင်သွားလော့။ ကတိတော်ပြည်၌ သင်တို့နှင့်အတူထားလော့။"ဟုဆိုသည်။ ၎င်းသည် ဘုရားသခင်၏ ကတိတော်ကိုလက်ခံခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်… ထို့ကြောင့် အီဂျစ်ပြည်မှ ဂျူးလူမျိုးတို့ထွက်သွားသောအခါ ယောသပ်၏အရိုးများကို မောရှေသည်သူတို့နှင့်အတူ ယူသွားသည်။ တဖန်၊ ထိုအနှစ်လေးဆယ်အတွင်း ၎င်းသည် ဣသရေလလူတို့ ကတိတော်ပြည်၌ရှိရန် ဘုရားသခင်ပေးထားသည့် ကြီးမားသောကတိတော်၏ သင်္ကေတတစ်ခု ဖြစ်လာခဲ့သည်။ ထို့ကြောင့် နောက်ဆုံးတွင်အရိုးများကို ရှေခင်တွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီး၊ ဤနေရာ၌



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နိယာမသည် အလွန်ရိုးရှင်းသည်ဟု ကျွန်ုပ်ထင်သည်_ ဘုရားသခင်၏
> ကတိတော်များသည် ဘဝတွင် အခြားအရာများထက် ပိုမိုမှန်ကန်ရပေမည်။
> ဘုရားသခင်သည် သူ၏ကတိတော်များကို စောင့်ရှောက်သည်။
>
> **ဒေါက်တာ Larry J. Waters**

ယောသပ်နှင့် သူ၏အစ်ကိုများအကြောင်းသင်ခန်းစာတွင် ဤအချက်အထိ၊ မောရှေ၏ မှတ်တမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သည်။ ယခုကျွန်ုပ်တို့သည် သင်ခန်းစာ၏ဒုတိယအဓိကအကြောင်းအရာဖြစ်သော ဤအခန်းများ၏အဓိကအကြောင်းအရာများကို လေ့လာသင့်ပါသည်။

# အဓိကအကြောင်းအရာများ

ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းသည် ကမ္ဘာဦးကျမ်း၏မူလပရိသတ်အတွက် သက်ရောက်မှုများစွာရှိပြီး၊ ဤနေရာတွင် ကျွန်ုပ်တို့ဖော်ပြထားသည်ထက် များစွာပိုပါသည်။ ခေတ်သစ် ကျင့်သုံးမှုအတွက်လည်း အလားတူပင်ဖြစ်သည်။ သို့တိုင်၊ ကျွန်ုပ်တို့သည် မူလပရိသတ်၏ သတ်မှတ်ချက်များအတွင်း၊ ဤအခန်းများကိုကြည့်လျှင် အချို့သောအကြောင်းအရာများသည် ရှေ့သို့ရောက်လာပါသည်။ ဤအဓိကအကြောင်းအရာများသည် ယောသပ်၏ဇာတ်လမ်းသည် ၎င်း၏မူလပရိသတ်အပေါ် သက်ရောက်မှုရှိစေရန် ပုံစံပြုထားသည့် နည်းလမ်းအားလုံးကို လွှမ်းခြုံခြင်းမရှိပါ။ ၎င်းတို့သည် ယနေ့ကျွန်ုပ်တို့ကျင့်သုံးသင့်သည့် နည်းလမ်းအားလုံးကို ကိုယ်စားမပြုပါ။ သို့သော် ဤအဓိကအကြောင်းအရာများသည် ကမ္ဘာဦးကျမ်း၏ ဤအပိုင်း၏ အရေးကြီးဆုံးအင်္ဂါရပ်အချို့ဆီသို့ ဦးတည်ချက်ပေးသည်။

ဤအခန်းများ၏ အဓိကအကြောင်းအရာအချို့ကို ပုံစံနှစ်မျိုးဖြင့်လေ့လာပါမည်။ ဦးစွာ၊ ယောသပ်၏ဇာတ်လမ်းနှင့် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏ မှတ်တမ်းများတွင်ပါရှိသည့် မျှဝေထားသောအလေးပေးမှုအချို့ကို ကျွန်ုပ်တို့ မည်သို့ချဉ်းကပ်နိုင်ပုံနှင့်ပတ်သက်၍ မှတ်ချက်အနည်းငယ်ပေးပါမည်။ ဒုတိယအနေနှင့်၊ ယောသပ်နှင့်သူ၏အစ်ကိုများ၏ ဇာတ်လမ်းတွင် အသားပေးထားသော အထူးအလေးပေးမှုနှစ်ခုကို ပိုမိုဂရုတစိုက်ကြည့်ပါမည်။ အလေးပေးမျှဝေထားမှုများကို ဦးစွာကြည့်ကြပါစို့။

## အလေးပေးမျှဝေထားမှုများ

ကမ္ဘာဦးကျမ်းဆိုင်ရာ အခြားသင်ခန်းစာများတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏ဘဝဇာတ်ကြောင်းတွင် အဓိကအကြောင်းအရာလေးခု ပေါ်လာပါသည်။ ဤအကြောင်းအရာများသည် ယောသပ်နှင့် သူ၏အစ်ကိုများ၏ ဇာတ်လမ်းတွင် ထင်ရှားသည်_ ဣသရေလအပေါ် ဘုရားသခင်၏ကျေးဇူးတော်၊ ဘုရားသခင်အပေါ် ဣသရေလ၏သစ္စာစောင့်သိရန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လိုအပ်မှု၊ ဣသရေလလူမျိုးအတွက် ဘုရားသခင်၏ကောင်းချီးများနှင့် ဣသရေလမှတစ်ဆင့် အခြားသူများထံပေးသော ဘုရားသခင်၏ကောင်းချီးများကို အလေးပေးသည်။ သမ္မာကျမ်းစာ၏ဤအပိုင်းတွင် ဣသရေလအပေါ် ဘုရားသခင်၏ကျေးဇူးတော်၏အကြောင်းအရာကို မည်သို့ချဉ်းကပ်ရမည်ကို စဉ်းစားကြည့်ကြပါစို့။

## ဣသရေလအတွက် ဘုရားသခင်၏ကျေးဇူးတော်

သမ္မာကျမ်းစာသည် ဘုရားသခင်၏ကျေးဇူးတော်၊ ကရုဏာနှင့် သနားကြင်နာမှုအတွက် သီးခြားဝေါဟာရများကို အသုံးပြုထားသော်လည်း ယောသပ်၏ဇာတ်လမ်းတွင် ဤအသုံးအနှုန်းများကို ကျွန်ုပ်တို့ တွေ့ရခဲပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ ဤအခန်းများတစ်လျှောက်လုံးတွင် ဘုရားသခင်၏ကျေးဇူးတော်၏*အကြောင်းအရာ* ကို ကျွန်ုပ်တို့တွေ့နိုင်သည်။ ယောသပ်ခေတ်၏ "ထိုကာလ" ဟု ကျွန်ုပ်တို့ခေါ်မည့်အရာတွင်၊ ဘုရားသခင်သည် ယောသပ်နှင့်သူ၏မိသားစုအား သူတို့ခေတ်မတိုင်မီ ပြသခဲ့သော ကိုယ်တော်၏အတိတ်ကျေးဇူးတော်အကြောင်း ရံဖန်ရံခါ သတိပေးခဲ့သည်။ ဘုရားသခင်သည် ယောသပ်နှင့်သူ၏မိသားစုကို အချိန်အခါတိုင်းတွင် သူ၏တည်မြဲသောကျေးဇူးတော်ကို ပြသခဲ့သည်။ အနာဂတ်တွင် ဘုရားသခင်သည်အဖြစ်အပျက်များကို ညွှန်ပြသောအခါ၊ ယောသပ်နှင့် သူ၏မိသားစုသည် တစ်နေ့တွင် သူ၏အနာဂတ်ကျေးဇူးဖြစ်သော၊ အထူးသဖြင့် ကတိတော်ပြည်သို့ ပြန်ရခြင်း၏ကျေးဇူးတော်ကို မည်သို့ရရှိမည်ကို မကြာခဏ ညွှန်ပြခဲ့သည်။

သို့သော် ဤကျေးဇူးတော်သုံးမျိုးသည် ယောသပ်၏ဇတ်လမ်းကိုပုံဖော်ထားခြင်းမျှသာ မဟုတ်ပါ။ ယောသပ်၏ကာလတွင် ဘုရားသခင်၏ကျေးဇူးတော်အကြောင်း မောရှေရေးသားခဲ့သောကြောင့် မောရှေ၏မူလပရိသတ်များသည် "သူတို့ကာလ" တွင် ဘုရားသခင်သည် သူတို့ကို ကျေးဇူးပြုသည့် နည်းလမ်းများစွာကို တွေးတောဆင်ခြင်နိုင်ခဲ့သည်။

အလားတူပင်၊ ခရစ်တော်၏နောက်လိုက်များအနေနှင့်၊ ဘုရားသခင်သည် ယောသပ်နှင့် သူ၏မိသားစုအား ပြသခဲ့သည့် ကျေးဇူးတော်ကို ကျွန်ုပ်တို့၏ကာလတွင်လည်း ကျင့်သုံးနိုင်သည်။ ထိုသို့ပြုလုပ်ရန် နည်းလမ်းများစွာရှိသော်လည်း ခရစ်တော်၏နိုင်ငံတော်၏ အဆင့်သုံးဆင့်နှင့်ပတ်သက်၍ စဉ်းစားရန် မကြာခဏအထောက်အကူဖြစ်စေပါသည်။ ဓမ္မသစ်ကျမ်းရှုထောင့်မှကြည့်လျှင်၊ ယောသပ်နှင့် သူ၏အစ်ကိုများထံပြသခဲ့သည့် ဘုရားသခင်၏အတိတ်ကျေးဇူးတော်သည် ခရစ်တော်၏နိုင်ငံတော် အဖြစ် တည်ထောင်ခြင်း၌ ပြသခဲ့သည့်အတိုင်း ကျွန်ုပ်တို့အပေါ်သက်ရောက်ပါသည်။ ယောသပ်၏ ဇတ်လမ်းတွင် ဘုရားသခင်၏တည်မြဲသောကျေးဇူးတော်ကို ကျွန်ုပ်တို့မြင်ရသည့်အချိန်တိုင်း၊ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်တစ်လျှောက် ကိုယ်တော်၏ တည်မြဲသောကျေးဇူးတော်ကို ကျွန်ုပ်တို့သတိရမိပါသည်။ ယောသပ်နှင့် သူ့မိသားစုသည် ဘုရားသခင်၏ အနာဂတ်ကျေးဇူးတော်ကို မျှော်လင့်ထားသကဲ့သို့၊ ကျွန်ုပ်တို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ခရစ်တော်၏နိုင်ငံတော် ပြီးပြည့်စုံချိန်တွင် ဘုရားသခင်၏ကရုဏာကို ကျွန်ုပ်တို့ မျှော်လင့်နိုင်ပါသည်။

ဣသရေလအပေါ် ဘုရားသခင်၏ကျေးဇူးတော်ကို အလေးပေးမျှဝေထားမှုများနှင့်အတူ၊ ဘုရားသခင်အပေါ် ဣသရေလ၏သစ္စာစောင့်သိမှုဆိုင်ရာ တောင်းဆိုချက်ကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဘုရားသခင်အပေါ် ဣသရေလ၏သစ္စာစောင့်သိမှု

ယောသပ်နှင့် သူ၏အစ်ကိုများနှင့်ပတ်သက်၍ ယောသပ်၏ကာလအကြောင်းပြောပြချက်၏ အထူးအဆန်းဆုံးသော အင်္ဂါရပ်များထဲမှတစ်ခုမှာ မောရှေသည် ဘုရားသခင်ထံမှ နှုတ်ညွှန်ကြားချက် သို့မဟုတ် အမိန့်တော်များကို မည်သည့်အခါမှ ကိုးကားခြင်းမရှိပါ။ ၎င်းအစား၊ မောရှေသည် ဣသရေလ လူမျိုးတို့သည် မိမိတို့ကာလတွင်ရရှိထားသောပညတ်တရားနှင့်အညီ ထိုကာလတွင် ဘုရားသခင်အပေါ် ယောသပ်၏သစ္စာစောင့်သိမှုကို အကဲဖြတ်ရန် မျှော်လင့်ခဲ့သည်။

ယခု၊ ဘိုးဘေးများသည် ဘုရားသခင့်ပညတ်တော်ကို သစ္စာစောင့်သိခြင်းဖြင့် ကယ်တင်ခြင်းမရ နိုင်ကြောင်း မောရှေသိထားသည်။ ၎င်းသည် အစဉ်အမြဲ မဖြစ်နိုင်ပါ။ သို့သော် သူတို့၏ နာခံမှုနှင့် မနာခံမှု သည် ဇာတ်လမ်း၏ အဆင့်တိုင်းတွင် ၎င်းတို့၏ စိတ်နှလုံး၏ အခြေအနေမှန်ကို ပြသသည်။ မောရှေ သည်ယောသပ်၏ဇာတ်လမ်းကိုထောက်၍ သူ့ပရိသတ်အား သူတို့၏စိတ်နှလုံးကို စစ်ဆေးရန် ပြောခဲ့ သည်။

ဥပမာအားဖြင့်၊ အဆိုးဘက်တွင်၊ ယောသပ်ကိုသတ်ရန် အစ်ကိုများ၏အစီအစဉ်ကို ဘုရားသခင် သဘောမတူကြောင်း မောရှေသည် တိုက်ရိုက်ပြောရန်မလိုအပ်ပါ။ ဤအချက်သည် ထွက်မြောက်ရာ ၂၀:၁၃ တွင် လူသတ်ခြင်းကို ဆန့်ကျင်သည့် ဆဋ္ဌမပညတ်ကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း သူ၏ပရိ သတ်များ သိထားပြီးဖြစ်သည်။ ယောသပ်ကို ကျွန်အဖြစ်ရောင်းချခြင်းသည် တရားဟောရာ ၂၄:၇ ကဲ့သို့သောပညတ်များကို ချိုးဖောက်ခြင်းဖြစ်သည်။ အစ်ကိုများသည် ယာကုပ်ကိုလှည့်ဖြားခြင်းဖြင့် ထွက်မြောက်ရာကျမ်း ၂၀:၁၂ ပါ မိဘကိုရိုသေစွာပြုလော့ဟူသောပညတ်တော်ကို ချိုးဖောက်ကြသည်။ ယုဒသည် တာမာနှင့် အတူအိပ်သောအခါ၊ သူသည် ပြည့်တန်ဆာဖြစ်သည်ဟု ထင်ခြင်းသည် ထွက်မြောက်ရာ ၂၀:၁၄ နှင့် ဝတ်ပြုရာ ၁၉:၂၉ ကဲ့သို့သော ပညတ်တော်များကို ဖောက်ဖျက်ခဲ့သည်။

သို့သော် ပို၍အကောင်းဘက်ခြမ်းတွင်၊ မောရှေသည် ယောသပ်နှင့် သူ၏အစ်ကိုများဘုရားသခင် အပေါ် သစ္စာစောင့်သိသည့်အချိန်ကိုသိရှိနိုင်ရန် သူ၏ပရိသတ်များ၏ ဘုရားသခင့်ပညတ်တရားဆိုင်ရာ အသိပညာကို မှီခိုအားထားခဲ့သည်။ ဥပမာ၊ ယောသပ်သည် ထွက်မြောက်ရာ ၂၀:၁၄ နှင့် ၁၇ ပါ ပေါတိဖာ ဇနီး၏ဖြားယောင်းသွေးဆောင်မှုကို တွန်းလှန်ခြင်းဖြင့် အသွေးအသားဆိုင်ရာအကျင့်စာရိတ္တကိုပြသ သောအခါ၊ သတ္တမနှင့် ဒသမမြောက်ပညတ်တော်များကို လိုက်နာခဲ့သည်။ နောက်ပိုင်းတွင်၊ ကမ္ဘာဦးကျမ်း ၄၆:၂၉-၃၄ ကဲ့သို့သော ကျမ်းပိုဒ်များတွင် ယောသပ်နှင့် သူ၏အစ်ကိုများသည် ထွက်မြောက်ရာကျမ်း ၂၀:၁၂ ပါ ပဥ္စမပညတ်တော်နှင့်အညီ သူတို့၏ဖခင်ကို ချီးမြှောက်ခဲ့ကြသည်။ ယောသပ်ရှေ့တွင် အစ်ကို များ၏နောင်တရခြင်းနှင့် နှိမ့်ချမှုတို့သည် ဝတ်ပြုရာ ၅:၅ ကဲ့သို့သောပညတ်များကို ထင်ဟပ်စေသည်။ ဝတ်ပြုရာ ၁၉:၁၈ တွင် ယောသပ်သည် သူ့အစ်ကိုများအပေါ်ထားသော ကရုဏာနှင့် သနားကြင်နာခြင်း သည် မှန်ကန်ပါသည်။ ထို့ကြောင့်၊ မောရှေသည် ထိုကာလတွင်းရှိ သစ္စာမဲ့မှုနှင့် သစ္စာစောင့်သိမှုကို ဖော်ပြသကဲ့သို့၊ သူတို့ကာလရှိ သူ၏မူလဣသရေလပရိသတ်များ၏ သစ္စာမဲ့မှုနှင့် သစ္စာစောင့်သိမှုတို့ကို အာရုံစိုက်သည်ကို ကျွန်ုပ်တို့ မြင်နိုင်သည်။

ခေတ်သစ်ခရစ်ယာန်များအနေနှင့် ယောသပ်၏ဇတ်လမ်းတွင် ဘုရားသခင်အပေါ် သစ္စာစောင့်သိ မှုနှင့် သစ္စာမဲ့ခြင်းကို ကျွန်ုပ်တို့ဖော်ပြသင့်သည့် အဓိကနည်းလမ်းသုံးမျိုးရှိသည်။ ဦးစွာ၊ အထူးသဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုယ်တော်၏နိုင်ငံတော် တည်ထောင်ခြင်း၌ ဘုရားသခင်အား ယေရှု၏ပြီးပြည့်စုံသော နာခံမှုဖြင့် ဤဥပမာများကို နှိုင်းယှဉ်ကာ ခွဲခြားသင့်သည်။ ဒုတိယ၊ ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်အတွင်း ယောသပ်ဇတ်လမ်း၏ ကိုယ်ကျင့်တရားအခြေခံမှုများကို ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ကျင့်သုံးရန် အသင့်ဖြစ်သင့်သည်။ နောက်ဆုံးအနေနှင့်၊ ယောသပ်ဇာတ်လမ်းတွင် သစ္စာစောင့်သိမှု တောင်းဆိုချက်သည် ခရစ်တော်ပြန်ကြွလာချိန်သူ၏နိုင်ငံတော်ပြီးပြည့်စုံချိန်တွင် ဖြစ်ပျက်လာမည့်အရာကို ကျွန်ုပ်တို့အာရုံစိုက်သင့်သည်။ ထိုအချိန်တွင်၊ ခရစ်တော်ကိုယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းခံရသူအားလုံးသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ဘုရားသခင်၏ ပြီးပြည့်စုံစွာနာခံမှုရှိသော အစေခံများအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်သည်။

ဣသရေလအပေါ် ဘုရားသခင်၏ကျေးဇူးတော်နှင့် ဘုရားသခင်အပေါ် ဣသရေလ၏သစ္စာစောင့်သိမှုအကြောင်း အလေးပေးမျှဝေထားမှုများကို ကျွန်ုပ်တို့ လေ့လာခဲ့ပါသည်။ ယောသပ်ဇာတ်လမ်းနှင့် ကနဦးဘိုးဘေးဆိုင်ရာသမိုင်းနှစ်ခုစလုံး မျှဝေထားသော တတိယအလေးပေးချက်မှာ ဣသရေလအားဘုရားသခင်ကောင်းချီးပေးခြင်း၏အကြောင်းအရာဖြစ်သည်။

## ဣသရေလအတွက် ဘုရားသခင်၏ကောင်းချီးများ

ယောသပ်နှင့် သူ၏အစ်ကိုများ၏ "ထိုကာလ" အသုံးအနှုန်းနှင့် ပတ်သက်၍၊ ဘိုးဘေးများ၏ သစ္စာမဲ့မှုနှင့် အခြားအချိန်များတွင် ၎င်းတို့၏သစ္စာစောင့်သိမှုကို တုံ့ပြန်သည့်အနေဖြင့် ဘုရားသခင်သည်သူ၏ကောင်းချီးများကို တစ်ခါတစ်ရံသွန်းလောင်းပေးခဲ့ကြောင်း ကျွန်ုပ်တို့ဖော်ပြသင့်သည်။ မောရှေသည် သူတို့၏ကာလတွင် ဘုရားသခင်ကောင်းချီးပေးသည့် မရေမတွက်နိုင်သောနည်းလမ်းများကို သူ၏မူလပရိသတ်များ သတိပြုစေရန် ဘုရားသခင့်ကောင်းချီးများ၏အကြောင်းအရာကို ပုံဖော်ခဲ့သည်— ၎င်းတို့၏ Loyalty ကိုတုံ့ပြန်သည့်အနေဖြင့်ရော၊ disloyalty ရှိနေစေကာမူ။

အလားတူပင်၊ ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းတွင်တွေ့ရသော ဘုရားသခင်၏ကောင်းချီးများသည် ယနေ့ကျွန်ုပ်တို့ကာလနှင့်လည်း သက်ဆိုင်ပါသည်။ တခါတရံ၎င်းသည် ကျွန်ုပ်တို့၏ရှိနေသည့်တိုင်နှင့် အခြားအချိန်များတွင် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုအပေါ် တုံ့ပြန်ခြင်း ဖြစ်ပါ သည်။ ခရစ်တော်၏နိုင်ငံတော်တည်ထောင်ခြင်းတွင် ဘုရားသခင်သည် သူ၏လူတို့အပေါ် သွန်းလောင်းပေးခဲ့သော ကောင်းချီးများကို အသိအမှတ်ပြုခြင်းဖြင့် ယောသပ်၏ဇာတ်လမ်းနှင့် ကျွန်ုပ်တို့၏အသက်တာကြား ဆက်စပ်မှုများကို တွေ့ရှိရသည်။ ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်မြဲခြင်းတွင် ယခုကျွန်ုပ်တို့ကို သူမည်ကဲ့သို့ ကောင်းချီးပေးသည်ကိုလည်း အသိအမှတ်ပြုပါသည်။ ထို့ပြင် ခရစ်တော်၏နိုင်ငံတော် ပြီးပြည့်စုံချိန်တွင် ဘုရားသခင်သည်မည်သို့ကောင်းချီးပေးမည်ကို ကျွန်ုပ်တို့ စောင့်မျှော်နေပါသည်။

ဣသရေလအပေါ် ဘုရားသခင်၏ကျေးဇူးများကို အလေးပေးမျှဝေထားမှုများ၊ ဘုရားသခင်အပေါ် ဣသရေလ၏သစ္စာစောင့်သိမှုနှင့် ဣသရေလအပေါ် ဘုရားသခင်၏ကောင်းချီးများနှင့်အတူ၊ ယောသပ်၏ဇာတ်လမ်းသည် ဣသရေလ*အားဖြင့် အ*ခြားသူများကို ဘုရားသခင်၏ကောင်းချီးများကို အလေးပေးမျှဝေထားမှုကို ဖော်ပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဣသရေလအားဖြင့် ဘုရားသခင်၏ကောင်းချီးများ

ကမ္ဘာဦး ၁၂:၃၊ ၂၂:၁၈၊ နှင့် ၂၆:၄ တွင် ဘုရားသခင်သည် ဣသရေလလူမျိုးများကို ကောင်းချီးပေးပြီး အာဗြဟံနှင့် သူ၏သားမြေးများကို သူ၏နိုင်ငံနှင့် ၎င်း၏ကောင်းချီးများကို လူမျိုးအားလုံးထံပျံ့နှံ့စေရန် ခန့်အပ်ထားကြောင်း ဖော်ပြသည်။ ဤအကြောင်းအရာသည် အဓိကအားဖြင့်အီဂျစ်ပြည်တွင် ယောသပ်၏အုပ်ချုပ်ခြင်းအားဖြင့် အခြားသူများထံ ကောင်းချီးများရရှိစေသည့်နည်းများဖြင့် ယောသပ်၏ကာလတွင် ထင်ရှားဖော်ပြသည်။ ဥပမာ၊ ကမ္ဘာဦး ၃၉:၅ တွင်ယောသပ်သည် ပေါတိဖာအတွက် ကောင်းချီးဖြစ်ခဲ့သည်။ ၃၉:၂၂ တွင် ဖာရောဘုရင်၏ အကျဉ်းထောင်ရှိထောင်မှူးအတွက် ကောင်းချီးဖြစ်ခဲ့သည်။ ယောသပ်သည် ဖာရောဘုရင်၏အိပ်မက်ကို ၄၁:၂၅ ၌ အနက်ပြန်ဆိုသောအခါတွင် ဖာရောဘုရင်အား ကောင်းချီးပေးခဲ့သည်။ သို့သော် အခြားသူများအတွက် အကြီးမားဆုံးသောကောင်းချီးများသည် သူ၏ တန်ခိုးအရှိန်အဝါအထွတ်အထိပ်သို့ရောက်ရှိသောအခါ သူသည် အီဂျစ်လူများနှင့် လူမျိုးများစွာကို ကူညီပေးခဲ့သည်။ ကမ္ဘာဦးကျမ်း ၄၁:၅၆-၅၇ အရ–

> မြေပြင်တရှောက်လုံး၌ အစာခေါင်းပါးသောအခါ၊ ယောသပ်သည် စပါးကျီရှိသမျှတို့ကို ဖွင့်၍ အဲဂုတ္တု လူတို့အား ရောင်းလေ၏။… ခပ်သိမ်းသောပြည်တို့၌လည်း အလွန်အစာ ခေါင်းပါးသောကြောင့်၊ အသီးသီးသောပြည်သားတို့သည် စပါးကိုဝယ်ခြင်းငှါ အဲဂုတ္တုပြည် ယောသပ်ထံသို့ လာ ရောက်ကြ၏ (ကမ္ဘာ ၄၁း၅၆-၅၇)။

မောရှေ၏မူလပရိသတ်၏ "သူတို့ကာလ"၌လည်း ဣသရေလ၏ကောင်းချီးများ၏ အကြောင်းအရာသည် မည်သို့သက်ဆိုင်သည်ကိုမြင်ရန် လွယ်ကူသည်။ ဦးစွာ၊ ယောသပ်၏ဇတ်လမ်းကို ကြားသောအခါ၊ ၎င်းတို့၏ဘိုးဘေးများသည် အခြားသူများကို ကောင်းချီးပေးခဲ့ပြီဖြစ်ကြောင်းကို သိရန် ဣသရေလလူမျိုးတို့သည် တွန်းအားပေးခံရမည်ဖြစ်သည်။ သူတို့၏ကာလတွင် ဘုရားသခင်၏ကောင်းချီးများအား အခြားသူများထံယူဆောင်လာပေးရန် ဘုရားသခင်သည် သူတို့ကို ခေါ်ခဲ့ကြောင်းလည်း သူတို့သဘောပေါက်ကြပေမည်။ သူတို့၏သားစဉ်မြေးဆက်များသည် ဘုရားသခင်၏ကောင်းချီးများကို ကမ္ဘာတစ်ဝှမ်းလုံးသို့ ပျံ့နှံ့စေသည့် အနာဂတ်ကို သူတို့သည် စောင့်မျှော်နေမည်ဖြစ်သည်။

သင်မျှော်လင့်ထားသည့်အတိုင်း၊ ဤအကြောင်းအရာသည် ကျွန်ုပ်တို့၏ကာလနှင့်လည်း သက်ဆိုင်ပါသည်။ ခရစ်တော်သည် သူ၏နိုင်ငံတော်တည်ထောင်ခြင်း၌ လောကကို ကောင်းချီးပေးခဲ့သည်။ သူသည် သူ၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်အတွင်း အသင်းတော်အားဖြင့် လောကကို ကောင်းချီးပေးသည်။ တစ်နေ့တွင်၊ သူသည် အသစ်သောဖန်ဆင်းခြင်း၌ သူ၏နိုင်ငံတော်ပြီးပြည့်စုံချိန်တွင် လောကပေါ် ရှိ မျိုးနွယ်တိုင်းနှင့် လူမျိုးတိုင်းကို ကောင်းချီးပေးလိမ့်မည်။

## အထူးအလေးပေးမှုများ

ယောသပ်၏ဇာတ်လမ်းတွင် အဓိကအကြောင်းအရာများကို လေ့လာပြီးနောက်၊ ယောသပ်၏ ဇာတ်လမ်းနှင့် ကမ္ဘာဦးကျမ်းရှိ ဘိုးဘေးဆိုင်ရာသမိုင်းများကြား အလေးပေးမှုဝေထားမှုအချို့ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ဖော်ပြထားပါသည်။ ယောသပ်၏ဇာတ်လမ်းတွင် ထူးခြားစွာတွေ့ရှိရသော အထူးအလေးပေးမှုနှစ်ခုကို ယခု ကျွန်ုပ်တို့အာရုံစိုက်သင့်သည်။ ဤသင်ခန်းစာအစောပိုင်းတွင် ကျွန်ုပ်တို့ အဆိုပြုခဲ့သည်မှာ_

> ကတိတော်ပြည်ကို သိမ်းပိုက်ပြီး အခြေချနေထိုင်ရာတွင် ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းသည် ဣသရေလအနွယ်များစည်းလုံးညီညွတ်စွာ မည်သို့အတူတကွနေထိုင်ရမည်ကို သင်ကြားပေးသည်။

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ကမ္ဘာဦးကျမ်း၏ဤအပိုင်းအများစုသည် ယောသပ်နှင့်သူ၏အစ်ကိုများကြားသဘောထားကွဲလွဲမှုနှင့် စည်းလုံးညီညွတ်မှုတို့နှင့်သက်ဆိုင်သည်။ ယောသပ်နှင့်သူ၏အစ်ကိုတို့သည် ဣသရေလအမျိုး တကျိပ်နှစ်ပါးတို့၏ ဘိုးဘေးများဖြစ်ကြသည်။ ထို့ကြောင့်၊ ဤအပြန်အလှန်ဆက်ဆံမှုသည် မောရှေလက်ထက်တွင် ဣသရေလအနွယ်များကြား အပြန်အလှန်ဆက်ဆံမှုများနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ဤဆက်စပ်မှုသည် ရှေ့ဘက်သို့ ရွှေ့ခဲ့သည့် ကမ္ဘာဦးကျမ်း ၅၀:၂၄-၂၅ ပါ ယောသပ်၏နောက်ဆုံးစကားများကို နားထောင်ပါ_

> ယောသပ်ကလည်း၊ ကျွန်ုပ်သေတော့မည်။ အကယ်စင်စစ်ဘုရားသခင်သည် သင်တို့ကို အကြည့် အရှုကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့၊ ဤပြည်မှ ဆောင်သွား တော်မူမည်ဟု အစ်ကိုတို့အားဆို၏။ တဖန်တုံ၊ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်။ ကျွန်ုပ်အရိုး တို့ကို ဤအရပ်မှ ယူသွားရမည်ဟူ၍ ဣသရေလအမျိုးသားတို့ကို ကျိန်ဆိုစေ၏ (ကမ္ဘာဦး ၅၀း၂၄-၂၅)။

မောရှေ၏မူလပရိသတ်၏ကာလ၊ နှင့်ယောသပ်၏ခေတ်ကာလကြားတွင် ဤကျမ်းပိုဒ်သည် ဆက်စပ်မှုကို အလေးပေးဖော်ပြရန် ခက်ခဲပေလိမ့်မည်။ မောရှေသည် ယောသပ်နှင့် သူ၏ညီအစ်ကိုများအကြောင်း ဇာတ်လမ်းကို ကမ္ဘာဦးကျမ်း၏မူလပရိသတ်များ၏အသက်တာတွင် ဖြစ်ပျက်နေသည့်အရာများကို ထင်ရှားစွာကြိုတင်မျှော်လင့်ချက်ဖြင့်အဆုံးသတ်ထားသည်—သူတို့၏ ကတိတော်ပြည်သို့ ဝင်ရောက်ခြင်း။

ယောသပ်၏နောက်ဆုံးစကားများနှင့် မူလပရိသတ်များ၏ အတွေ့အကြုံများကြား ဤဆက်စပ်မှု၏ သက်ရောက်မှုများကို အကျဉ်းချုပ်ဖော်ပြရန် နည်းလမ်းများစွာရှိသည်။ သို့သော် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ အထူးအလေးပေးမှုနှစ်ခုကိုသာ ကြည့်ပါမည်။ ဦးစွာ၊ ယောသပ်နှင့် သူ၏အစ်ကိုများ၏ ဇာတ်လမ်းသည် မောရှေခေတ်တွင် ဣသရေလလူမျိုးများကြား အမျိုးသားရေးစည်းလုံးညီညွတ်မှုမြှင့်တင်ရန် မည်သို့ပုံစံပြုထားသည်ကို ကျွန်ုပ်တို့လေ့လာမည်ဖြစ်သည်။ ဒုတိယအနေနှင့်၊ သူ၏စကားများသည် ဣသရေလအမျိုးအနွယ်များကြားတွင် ဘုရားသခင်သတ်မှတ်ပေးထားသည့် အမျိုးသားရေးကွဲပြားမှုကို အသိအမှတ်ပြုကြောင်း ကျွန်ုပ်တို့ မြင်တွေ့ရမည်ဖြစ်သည်။ အမျိုးသားရေးစည်းလုံးညီညွတ်မှုဟူသည့် အကြောင်းအရာကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အမျိုးသားရေးစည်းလုံးညီညွတ်မှု

အမျိုးသားရေးစည်းလုံးညီညွတ်မှု၏အဓိကအကြောင်းအရာ၏အရေးပါမှုကိုမြင်ရန်၊ ယောသပ်နှင့်သူ့မိသားစု၏ဇာတ်လမ်းသည် ကမ္ဘာဦးကျမ်းတွင် အကြိမ်ကြိမ်တွေ့ရသည့်ပုံစံမှ ကွဲပြားကြောင်း ထောက်ပြလိုပါသည်။ ဤပုံစံကို "သီးသန့်ဆက်ခံခြင်း" ဟုခေါ် နိုင်သည်။ သီးသန့်ဆက်ခံခြင်းအားဖြင့် ဟူသည်မှာ ကျွန်ုပ်တို့သည် အဓိကပုဂ္ဂိုလ် သို့မဟုတ် ဘိုးဘေးတစ်ဦးမှတစ်ဆင့် အချိန်ကြာလာသည်နှင့်အမျှ ဘုရားသခင်၏ အထူးမျက်နှာသာပေးခြင်းကို ဆိုလိုသည်။

ထိုအရာကို ဤပုံစံ စဉ်းစားကြည့်ပါ။ ကမ္ဘာဦး ၁:၁–၁၁:၉ ၏ ရှေးကနဦးသမိုင်းတွင်၊ ဘုရားသခင်သည် အာဒံနှင့် သူ၏သားစဉ်မြေးဆက်များအား ကမ္ဘာတစ်ဝှမ်းလုံးကိုပြည့်စေပြီးအုပ်စိုးရန် ဦးစွာ တာဝန်ပေးအပ်ခဲ့သည်။ သူတို့သည် ဘုရားသခင်၏ဘုန်းကြီးသောနိုင်ငံတော်ကို ကမ္ဘာမြေအနှံ့ ပျံ့နှံ့စေရန်ဖြစ်သည်။ သို့သော် အပြစ်စတင်ဝင်ရောက်ခြင်းနှင့်အတူ၊ ဤကတိတော်သည် ကာဣနထံ မဟုတ်ဘဲ ရှေသထံသို့ သီးသန့်ရောက်သွားရှိခဲ့သည်။ ထို့နောက် ဘုရားသခင်၏အထူးမျက်နှာသာပေးမှုသည် ရှေသ၏သားစဉ်မြေးဆက်အားဖြင့် နောဧနှင့် သူ၏ပဋိညာဉ်ကို သီးသန့်အတည်ပြုပေးချိန်တိုင် ရောက်ရှိခဲ့သည်။ နောဧတွင် ရှေမ၊ ဟာမနှင့် ယာဖက်ဟူသော သားသုံးယောက်ရှိသည်။ သို့သော် ဘုရားသခင်၏ကတိတော်များသည် ရှေမ၏အမျိုးအနွယ်အားဖြင့် သီးသန့်ဖြစ်သည်။ ရှေးကနဦးသမိုင်း၏အဆုံးတွင်၊ ရှေမ၏သားစဉ်မြေးဆက်ဖြစ်သော အာဗြဟံသည် ဘုရားသခင်၏ကတိတော်များ၏ သီးသန့်အမွေခံဖြစ်သည်။

ကမ္ဘာဦး ၁၁:၁၀–၃၇:၁ ရှိ ကနဦးဘိုးဘေးဆိုင်ရာသမိုင်းသည် ဤသီးသန့်ဆက်ခံမှုပုံစံ ဆက်လက်တည်ရှိနေသည်။ အာဗြဟံ၏ကတိတော်များသည် ဣရှမေလနှင့် အာဗြဟံ၏အခြားသားတို့အစား ဣဇာက်ထံသာ အပ်နှံခဲ့သည်။ ဣဇာက်အားပေးသော ဘုရားသခင်၏ကတိတော်များသည် ဧသောအစား ယာကုပ်လက်သို့ အပ်နှံခဲ့သည်။

ယခုတွင်၊ ဤသီးသန့်ဆက်ခံခြင်းပုံစံသည် ကမ္ဘာဦးကျမ်း၏ ပထမအခန်းကြီး ၃၆ ခန်းတွင် အရေးကြီးသကဲ့သို့၊ ယောသပ်နှင့် သူ၏ညီအစ်ကိုများအကြောင်းဇတ်လမ်းသည် ရုတ်ခြည်းအဆုံးသတ်သွားသည်။ ကမ္ဘာဦးကျမ်း၏ဤအပိုင်းတွင်၊ မောရှေသည် “ပါဝင်ဆက်ခံခြင်း” ကို အလေးပေးဖော်ပြသည်။ ဘုရားသခင်၏အထူးမျက်နှာသာပေးခြင်းသည် ယာကုပ်ထံမှတစ်ဆင့် သားတော်တစ်ကျိပ်နှစ်ပါးစလုံးထံသို့ လက်ဆင့်ကမ်းခဲ့သည်ဟု သူယုံကြည်သည်၊ တစ်ဦးတည်းအတွက်သာမဟုတ်ပါ။ ယာကုပ်သေဆုံးသွားသောအခါတွင်၊ သူ၏သားတကျိပ်နှစ်ပါးနှင့် သူတို့၏သားမြေးများဖြစ်သည့် ဣသရေလလူမျိုး တစ်ဆယ့်နှစ်မျိုးတို့သည် ယာကုပ်၏ကတိတော်ပြည်ဆိုင်ရာအမွေဆက်ခံရာတွင် အတူဝေမျှခဲ့ကြသည်။ မောရှေ၏ဣသရေလပရိသတ်ဟုခေါ်သော ယာကုပ်၏အမွေကို သူ၏သားအားလုံးအား အမျိုးသားရေးစည်းလုံးညီညွတ်မှုရှိစေရန် ခွဲဝေပေးခြင်းဖြစ်သည်။

> ယာကုပ်၊ ထို့နောက် ယောသပ်နှင့် သူ၏အစ်ကို ယုဒတို့၏ ဇာတ်လမ်းများကို ဖတ်ကြည့်သောအခါ၊ ဤမိသားစုတွင် မငြိမ်မသက်မှုများ၊ ပဋိပက္ခများ၊ မနာလိုမှု၊ တိုက်ခိုက်မှုများရှိပြီး၊ ဘုရားသခင်သည် သူ၏ပဋိညာဉ်အသိုက်အဝန်းကို ဤပုံစံအတိုင်း နေထိုင်စေလိုခြင်းမရှိသည်ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ပါသည်။ ထို့ကြောင့် ဇာတ်လမ်းသည် ပုံသေနည်းတစ်ခုဖြစ်လာသည်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အကြောင်းမှာ၊ ယောသပ်နှင့် ယုဒတို့သည် ပဋိပက္ခမဖြစ်တော့ဘဲ စည်းလုံးညီညွှတ်မှုကို ဆောင်ကြဉ်းလာစေရန် ဘုရားသခင်သည် ပဋိညာဉ်အသိုက်အဝန်းတွင် လုပ်ဆောင်နေသည်ဟု ထင်ပါသည်။ ၎င်းသည် နောက်ပိုင်းတွင် လူများအတွက် စံနမူနာကောင်းတစ်ခုဖြစ်သည်။ ယောသပ်နှင့် ယုဒသည် ဣသရေလအမျိုးတွင် အဓိကမျိုးနွယ်နှစ်ခုဖြစ်သည်။ ၎င်းသည် ပဋိညာဉ်အသိုက်အဝန်းတွင် သူတို့အတွက် ဘုရားသခင်မြင်လိုသော နှင့်ကြိုးစားဆောင်ရွက်နေသော စည်းလုံးညီညွှတ်မှုမျိုး၏ စံနမူနာကောင်းတစ်ခု ဖြစ်လာသည်။

**ဒေါက်တာ Robert B. Chisholm, Jr.**

အစောပိုင်းတွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့သည့်အတိုင်း၊ ယောသပ်နှင့် သူ၏အစ်ကိုများ၏ ဇာတ်လမ်းသည် ညီအစ်ကိုအချင်းချင်း ပြစ်မှားခြင်းကြောင့်ဖြစ်ရသော သဘောထားကွဲလွဲမှုဖြင့် စတင်ခဲ့သည်။ သို့သော် ညီအစ်ကိုများကြား စည်းလုံးညီညွှတ်ခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ ဤနည်းအားဖြင့်၊ မောရှေ၏ ဇာတ်လမ်းသည် ဘုရားသခင်သည် ဣသရေလလူမျိုးများအား အမျိုးသားရေးစည်းလုံးညီညွှတ်မှုရှာရန် ခေါ်တော်မူကြောင်း သူ့နောက်လိုက်လူတိုင်းအား ရှင်းလင်းစွာဖော်ပြသည်။ ယောသပ်၏ဇာတ်လမ်းကို သရုပ်ဖော်ထားသည့်အတိုင်း၊ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့အား ဘုရားသခင်ပေးတော်မူသော ကတိတော်ပြည်၏အမွေတွင် ဣသရေလလူမျိုးအားလုံး အတူတကွပါဝင်ခဲ့ကြသည်။

သို့ဆိုလျှင် ဣသရေလအမျိုးအနွယ်များကြား စည်းလုံးညီညွှတ်မှုအကြောင်းကို အခြားနေရာများတွင် မောရှေဖော်ပြခဲ့သည်မှာ အံ့သြစရာမဟုတ်ပါ။ ဥပမာ၊ ထွက်မြောက်ရာ ၁၉:၈ တွင်၊ သိနာတောင်တွင် ဘုရားသခင်နှင့် ပဋိညာဉ်ဖွဲ့ရန် ဣသရေလလူမျိုးအားလုံး တညီတညွှတ်တည်း သဘောတူကြောင်း အလေးပေးဖော်ပြခဲ့သည်။ တောလည်ရာ ၃၂ နှင့် ယောရှု ၁:၁၂-၁၈ တွင်၊ မောရှေနှင့် ယောရှုနှစ်ဦးစလုံးသည် ခါနာန်ပြည်တွင် မျိုးနွယ်စုများ အချင်းချင်းမခွဲခွာမီ အတူတကွ ပူးပေါင်းတိုက်ခိုက်သင့်သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ မောရှေသည်လည်း တရားဟောရာ ၂၉:၂ တွင် ပဋိညာဉ်အသစ်ပြုရန် မျိုးနွယ်အားလုံးကို စုဝေးစေခဲ့သည်။

ထို့ပြင်၊ ဓမ္မဟောင်းကျမ်းရေးသူများသည် ဣသရေလ၏ အမျိုးသားရေးစည်းလုံးညီညွှတ်မှုကို ဆက်လက်အလေးပေးခဲ့သည်။ ဒါဝိဒ်နှင့် ရှောလမုန်တို့ ရှုံးနိမ့်ခဲ့သော်လည်း၊ စည်းလုံးသော ဘုရင်စနစ်၏ ကာလကို ဣသရေလနိုင်ငံ၏ရွှေခေတ်ဟု သတ်မှတ်ခဲ့သည်။ လူမျိုးကို မြောက်ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများသို့ ပိုင်းခြားခြင်းသည် သူ၏လူမျိုးအတွက် ဘုရားသခင်၏စံနမူနာနှင့် ဝေးကွာသွားစေသည်။ နောက်ပိုင်းတွင်၊ ဣသရေလပရောဖက်များသည် ဖမ်းဆီးသိမ်းသွားခြင်းခံရပြီးနောက် မျိုးနွယ်စုများ ပြန်လည်ပေါင်းစည်းမည်ဟု ကတိပြုခဲ့ကြသည်။ ထို့အပြင် ဓမ္မရာဇဝင်ချုပ်ကျမ်းများကဲ့သို့သော ကျမ်းများသည် လူမျိုးစုတိုင်း၏ ကိုယ်စားပြုသူများသည် ဖမ်းဆီးသိမ်းသွားခြင်းခံရပြီးနောက် ကတိတော်ပြည်တွင် အခြေချနေထိုင်ရမည်ဟု အခိုင်အမာဆိုထားသည်။

ယောသပ်နှင့် သူ၏အစ်ကိုများ၏ကာလတွင်ရှိသော ဣသရေလအမျိုးဆယ့်နှစ်မျိုး၏ဘိုးဘေးများကြားစည်းလုံးညီညွှတ်မှုကို မောရှေအလေးထားခြင်းသည် သူတို့ကာလရှိ အမျိုးသားရေးစည်းလုံး

ညီညွတ်မှုကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ဤအလေးပေးဖော်ပြချက်သည် ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းကို ကျွန်ုပ်တို့ခေတ်သစ်လောကတွင် ကျင့်သုံးသင့်သည့် အဓိကနည်းလမ်းများထဲမှ တစ်ခုကိုလည်း ညွှန်ပြသည်။ ဣသရေလအမျိုးအနွယ်တို့သည် ဘုံအမွေကို မျှဝေသကဲ့သို့၊ ကမ္ဘာအရပ်ရပ်ရှိ ခရစ်တော်၏နောက်လိုက်များအားလုံးသည် ခရစ်တော်၌ဘုံအမွေကို ဝေမျှကြသည်။ သခင်ယေရှုသည် သူ၏နိုင်ငံတော်တည်ထောင်ခြင်း၌ ဤစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့သည်။ ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်မြဲနေသည့်ကာလတစ်လျှောက် ဤစည်းလုံးညီညွတ်မှုကို ကျွန်ုပ်တို့ လိုက်လျှောက်ရမည်ဖြစ်သည်။ တစ်နေ့တွင် ကျွန်ုပ်တို့သည် ခရစ်တော်၏နိုင်ငံတော် ပြီးပြည့်စုံချိန်တွင် ဘုရားသခင်၏လူများအကြား ပြီးပြည့်စုံသောစည်းလုံးညီညွတ်မှုနှင့် သဟဇာတဖြစ်မှုကို ကျေနပ်နှစ်သက်ကြမည်ဖြစ်သည်။ ပေါလုပြောခဲ့သော ဧဖက် ၄း၃-၆ ကို နားထောင်ပါ_

> အသင်းအတင့်ပေါင်းဖော်ခြင်း အဖွဲ့အစည်းအားဖြင့်၊ သင်တို့သည်အချင်းချင်း စိတ်သဘောမခြားမနား တစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။ သင်တို့ကိုခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်း တစ်ပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ—ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏— သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး၊ ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏ (ဧဖက် ၄း၃-၆)။

ဤကျမ်းပိုဒ်၏ရေးသားဟန်ကို သတိပြုပါ။ ပေါလုသည် ခရစ်တော်၏နောက်လိုက်များအား "သင်တို့သည်အချင်းချင်း စိတ်သဘောမခြားမနား တစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့" ဟုမိန့်တော်မူခဲ့သည်။ ဣသရေလအမျိုးအနွယ်များအကြား မျှဝေအမွေဆက်ခံခြင်းကဲ့သို့ပင် ကျွန်ုပ်တို့တွင်လည်း တူညီသောအချက်များစွာရှိသည်_ ကိုယ်တစ်ကိုယ်၊ သန့်ရှင်းသောဝိညာဉ်တော်တစ်ပါး၊ မျှော်လင့်ချက်တစ်ခု၊ သခင်တစ်ပါး၊ ယုံကြည်ချက်တစ်ခု၊ ဗတ္တိဇံတစ်ခုနှင့် ဘုရားသခင်နှင့်ခမည်းတော်တစ်ပါး ဖြစ်သည်။

ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းသည် ယနေ့ ခရစ်တော်၏နောက်လိုက်များဖြစ်သော ကျွန်ုပ်တို့ကြားတွင် မကြာခဏ ဖြစ်ပေါ်လေ့ရှိသော သဘောထားကွဲလွဲမှုများကို ပြန်လည်သုံးသပ်ရန် အခွင့်အရေးများစွာကို ပေးပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ ဘုရားသခင့်လူမျိုးတော်၏စည်းလုံးညီညွတ်မှုအတွက် ကျွန်ုပ်တို့ကိုယ်ကိုဆက်ကပ်အပ်နှံထားသောကြောင့် ၎င်းသည် လက်တွေ့ကျသောလမ်းညွှန်မှုများစွာကို ပေးသည်။

> ယောသပ်သည် ခွင့်လွှတ်မှုအပြည့်ရှိသူဖြစ်သောကြောင့် ဣသရေလလူမျိုးကြား အမျိုးသားရေးစည်းလုံးညီညွတ်မှုကို ယောသပ်၏ဇတ်လမ်းသည် အားပေးခဲ့သည်။ ခွင့်လွှတ်ခြင်းသည် ဣသရေလလူမျိုးအတွက်သာမက၊ ကျွန်ုပ်တို့ ခရစ်ယာန်များ၊ မိသားစုများ၊ ဤလောကပေါ်တွင် ကျွန်ုပ်တို့နေထိုင်သည့် အသက်တာအတွက် တစ်ခုတည်းသောစည်းလုံးညီညွတ်စေသည့် အချက်ဖြစ်သည်။ ယောသပ်သည် အစ်ကိုများ၏ နှိပ်စက်ညှဉ်းပန်းခြင်းကို

> ခံခဲ့ရသော်လည်း၊ သူတို့ ဒုက္ခရောက်သောအခါ ကယ်တင်ပေးခဲ့သည်…ယောသပ်၏ဇာတ်လမ်းနှင့် သူမည်ကဲ့သို့ခွင့်လွှတ်ခဲ့သည်ကို ကျွန်ုပ်တို့ကြည့်ရှုသောအခါ၊ အလွန်ကြီးမားသောအရာတစ်ခုကို သူခွင့်လွှတ်ခဲ့သည်။ သူ့ကိုသူတို့သေစေချင်ကြသည်။ သူ့ကိုသူတို့ အသက်မရှင်စေချင်ကြပါ။ သူ့ကိုသူတို့ထပ်မမြင်ချင်ကြပါ။ သို့သော်လည်း ယောသပ်သည် သူတို့ကို ဒုက္ခမပေးချင်ပါ။ သူ့တွင် အာဏာရှိပြီး၊ ထိုသို့လုပ်ဆောင်ရန် အစွမ်းအစရှိသော်လည်း၊ သူသည် ဝိညာဉ်သဘောတရားနှင့် ယုံကြည်ခြင်းတွင် သူတို့ထက်ရင့်ကျက်ခဲ့သည်။ ၎င်းကို ထပ်ခါတလဲလဲ လုပ်နိုင်ပြီး၊ ၎င်းကို ဣသရေလလူမျိုး ဆယ့်နှစ်မျိုးတို့တွင်၊ ကျွန်ုပ်တို့တွင်၊ ကျွန်ုပ်တို့၏မိသားစုများတွင်၊ ကျွန်ုပ်တို့အသင်းတော်များနှင့် လူ့အဖွဲ့အစည်းတွင် ပုံစံတူပွားများနိုင်သည်။
>
> **— Rev. Dr. Cyprian K. Guchienda**

ယခုအခါ၊ မောရှေ၏အထူးအလေးပေးမှုများသည် ဣသရေလ၏အမျိုးသားရေးစည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးကြောင်း သိရှိနားလည်ခြင်းသည် အဖိုးတန်သကဲ့သို့၊ မောရှေသည် ၎င်းကို လုပ်ဆောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်းကိုနားလည်ရန်လည်း အရေးကြီးပါသည်။ အတိုချုပ်အားဖြင့်၊ ဘုရားသခင်သည် မိမိလူမျိုးအတွက် အမျိုးသားရေးကွဲပြားမှုကိုလည်း သတ်မှတ်ထားသောကြောင့် စည်းလုံးမှုလိုအပ်ကြောင်း မောရှေအလေးပေးဖော်ပြခဲ့သည်။

## အမျိုးသားရေးကွဲပြားမှု

ရိုးရှင်းစွာပြောရလျှင်၊ လူမျိုးစုဘိုးဘေးအားလုံးသည် ယာကုပ်၏အမွေဆက်ခံသူများဖြစ်ကြသော်လည်း၊ ၎င်းတို့အားလုံးကို အတိအကျတူညီစွာဆက်ဆံသည်ဟု မဆိုလိုပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ကျန်ရှိသောအခြားဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် ဣသရေလအမျိုးအနွယ်များကို မတူညီသောအခွင့်ထူးများနှင့် တာဝန်များပေးထားကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ထို့ပြင် မောရှေသည် ဣသရေလအမျိုးအနွယ်များကြား စည်းလုံးညီညွတ်မှုလိုအပ်ခြင်း၏ အဓိကအကြောင်းရင်းတစ်ခုကို အလေးပေးဖော်ပြခဲ့သည်_ဣသရေလလူများသည် ၎င်းတို့၏ မတူကွဲပြားသောလူမျိုးစုအခွင့်အရေးများနှင့် တာဝန်များကို ဘုရားသခင်*ကိုယ်တော်တိုင်*သည် ခန့်အပ်ထားကြောင်း အသိအမှတ်ပြုထားသည့်အတိုင်း ဣသရေလ၏စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

စည်းလုံးညီညွတ်ခြင်း၏အကြောင်းအရာကဲ့သို့ပင်၊ မတူကွဲပြားမှု၏အကြောင်းအရာသည်လည်း ယောသပ်နှင့် သူ၏အစ်ကိုများဇာတ်လမ်း၏အဆင့်တိုင်းတွင် ဇတ်အိမ်ဖွဲ့ပါသည်။ သို့သော် ၎င်းသည် ကမ္ဘာဦး ၄၇:၂၈–၄၉:၃၃ တွင် အထူးထင်ရှားသည်။ ဤအခန်းများတွင်၊ ယာကုပ်သည် သူ၏အမွေကို သူ၏သားတစ်ကျိပ်နှစ်ပါးစလုံးအား ဝေမျှခဲ့သော်လည်း၊ သူတို့နှင့် သူတို့၏သားစဉ်မြေးဆက်တို့ကြားတွင် ခိုင်မြဲသောကွဲပြားမှုများကိုလည်း အစပြုပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအခန်းများတွင်၊ မောရှေသည် ယာကုပ်၏သားအားလုံးကို ခွဲခြားခြင်းဖြင့် ဣသရေလလူမျိုး၏ အမျိုးသားရေးကွဲပြားမှုကို မြှင့်တင်ပေးခဲ့သည်။ သို့သော်၊ ကျွန်ုပ်တို့၏ရည်ရွယ်ချက်အတွက်၊ နှစ်ချက်ကို သာကြည့်ပါမည်_ ယုဒနှင့် သူ၏သားမြေးများ နှင့် ယောသပ်နှင့် သူ၏သားမြေးများ။ ယုဒနှင့် သူ၏သား မြေးများအား ချီးမြှောက်ခြင်းနှင့်ပတ်သက်၍ ဦးစွာသုံးသပ်ကြပါစို့။

**ယုဒနှင့် သားစဉ်မြေးဆက်။** မောရှေသည် ယုဒနှင့်သူ၏အမျိုးအနွယ်အတွက် ဘုရားသခင် ခန့်အပ်ထားသည့် ထင်ရှားပေါ်လွင်မှုကိုအတည်ပြုရန် ဤအခန်းများတွင် ဘိုးဘေးယုဒကို အကြိမ်များစွာ အဓိကနေရာ၌ထားကာ ဖော်ပြသည်။ အစ်ကိုများသည် ယောသပ်ကိုသတ်ရန် ကြိုးစားစဉ် ကမ္ဘာဦး ၃၇:၁၂-၃၆ တွင် ယုဒကိုပထမဆုံးတွေ့ရသည်။ အခန်းငယ် ၂၆-၂၇ တွင် ယုဒသည် အစ်ကိုများကြား ယောသပ်ကိုယ်စား အောင်မြင်စွာ ကြားဝင်ရပ်တည်ဆောင်ရွက်ပေးခဲ့သည်။ ယုဒသည် အခန်းငယ် ၂၇ တွင် “[ယောသပ်] သည် ငါတို့၏ညီ၊ ငါတို့၏အသွေးအသားဖြစ်သည်” ဟု ညီအစ်ကိုများအား သတိပေး ခြင်းဖြင့် စည်းလုံးညီညွတ်ခြင်းကို အတည်ပြုခဲ့သည်။ အစ်ကိုများသည် သူ၏အကြံအစည်ကိုသဘောတူ ကြခြင်းသည် ယုဒ၏ခေါင်းဆောင်မှုကို အသိအမှတ်ပြုခြင်းဖြစ်ကြောင်း ဤတွင်တွေ့ရသည်။

ခါနာန်ပြည်တွင် ယုဒ၏အပြစ်ဇာတ်လမ်းကို မောရှေပြန်ပြောပြသောအခါ ၃၈:၁-၃၀ တွင် ယုဒ ပြန်ပေါ်လာသည်။ ဤယုဒ၏အကျင့်ယိုယွင်းမှုအပိုင်းသည် ပေါတိဖာ၏အိမ်တွင် ယောသပ်၏သစ္စာ သမာဓိနှင့် ဆန့်ကျင်သည်။ သို့သော် ၃၈:၂၆ တွင် ယုဒသည် “သူ[တာမာ]အပြစ်ထက် ငါ့အပြစ်သာ၍ ကြီးပေ၏” ဟုဝန်ခံသောအခါ ယုဒ၏နှိမ့်ချသောဝန်ခံချက်ကို မောရှေဖော်ပြခဲ့သည်။ ထို့နောက် ဘုရား သခင်သည်ယုဒအား သားအမွှာဖြစ်သော ဖာရက်နှင့် ဇေရတို့ကို ကောင်းချီးပေးသောကြောင့် ယုဒ၏ နောင်တကို ဘုရားသခင်လက်ခံခဲ့သည်မှာ ထင်ရှားသည်။

၄၄:၁၄-၃၄ တွင် ဘိုးဘေးများ၏အီဂျစ်ပြည်သို့သွားသော ဒုတိယခရီးစဉ်တွင် ယုဒ၏ခေါင်း ဆောင်မှုကို မောရှေ အာရုံစိုက်ခဲ့သည်။ ဗယ်္ာမိန်သည် ငွေဖလားခိုးယူသည်ဟု စွပ်စွဲခံရသောအခါ၊ ယုဒ သည်ယောသပ်ထံရှေ့သို့ထွက်လာကာ သနားကြင်နာမှုကို တောင်းခံခဲ့သည်။ သူသည်နှိမ့်ချစွာဖြင့်၊ မိမိ ကိုယ်တိုင်နှင့် သူ၏ညီအစ်ကိုများသည် ယောသပ်၏ “ကျွန်များ”ဖြစ်သည်ဟုဆိုခဲ့သည်။ “ကိုယ်တော်ကျွန် တို့၏အပြစ်ကို ဘုရားသခင်စစ်၍တွေ့တော်မူပြီ” ဟုဝန်ခံခြင်းဖြင့် သူနှင့်သူ၏ညီအစ်ကိုများပြုခဲ့သည့် အတွက် နောင်တရကြောင်း ဖော်ပြခဲ့သည်။ ဗယ်္ာမိန်သည် ခါနာန်ပြည်သို့ မပြန်လာပါက “ကျွန်တော် အဘ [သူ့ဖခင်] ၌ ရောက်လတ္တံ့သော ဘေးဥပဒ်” ကို သတိပြုခြင်းဖြင့် သူ့ဖခင်ကို ချီးမြှောက်ခဲ့သည်။ “သူငယ်အတွက်” အီဂျစ်တွင်နေရစ်ရန် သတ္တိရှိစွာ ကမ်းလှမ်းခဲ့သည်။

နောက်ဆုံးတွင်၊ ၄၉:၁-၂၈ တွင်၊ ယာကုပ်၏နောက်ဆုံးကောင်းချီးများအတွင်း ယုဒသည် ရှေ့ဆုံး သို့ ရောက်ခဲ့သည်။ အခန်းငယ် ၈-၁၂ တွင်၊ ယုဒနှင့် သူ၏အမျိုးအနွယ်သည် ပြိုင်ဘက်ကင်းသော ခေါင်းဆောင်မှုရာထူးအထိ ချီးမြှောက်ခံရမည်ဟု ယာကုပ်ထုတ်ဖော်ပြောခဲ့သည်။ ထို့ပြင် ယုဒအမျိုး အနွယ်သည် တစ်နေ့တွင် ဣသရေလ၏ တော်ဝင်မျိုးနွယ်ဖြစ်လာလိမ့်မည်။ ကမ္ဘာဦး ၄၉:၈-၁၀ တွင် တွေ့ရသော ယာကုပ်၏စကားများကို နားထောင်ပါ_

> အိုယုဒ၊ သင်သည်ညီအစ်ကိုတို့ ချီးမွမ်းရသောသူဖြစ်၏။ သင်၏လက်သည်
> သင်၏ရန်သူလည်ပင်းပေါ် မှာ ရှိလိမ့်မည်။ အဘ၏သားတို့သည် သင့်ရှေ့မှာ

> ဦးညွတ်ချကြလိမ့်မည်။...ရာဇလှံတံသည် ယုဒထံမှငင်း၊ မင်းအာဏာသည်
> သူ၏အမျိုး အနွယ်ထံမှငင်း မရွေ့ရ။ ရှိလောဥ လူမျိုးတို့သည်
> ဆည်းကပ်ကြလိမ့်မည် (ကမ္ဘာဦး ၄၉:၈–၁၀)။

ယုဒ၏ "ညီအစ်ကိုတို့ ချီးမွမ်းရသောသူဖြစ်၏" ဟူသည်ကို ဤနေရာတွင် သတိပြုပါ။ သူ၏ လက်သည် "[သူ၏] ရန်သူတို့၏လည်ပင်း" ပေါ်တွင်ရှိမည်ဖြစ်ပြီး၊ ဆန့်ကျင်ဘက်လူတိုင်းကို အနိုင်ယူမည်ဟု ဆိုလိုသည်။ ယုဒ၏ "အဘ၏သားတို့သည်"—သူ၏ညီအစ်ကိုများ—"[သူ] ကို ဦးညွတ်ကြလိမ့်မည်။" သူ၏အစောပိုင်းလက္ခဏာများနှင့်အညီ၊ ယုဒအမျိုးသည် အခြားဣသရေလအမျိုးအနွယ်များအပေါ် အခွင့်အာဏာရှိမည်ဖြစ်ကြောင်း မောရှေဖော်ပြခဲ့သည်။

မင်းမျိုးမင်းနွယ်၏သင်္ကေတဖြစ်သော "ရာဇလှံတံ" နှင့် "မင်းအာဏာ" တို့ကို ယုဒအမျိုးသည် ကိုင်ဆောင်ထားမည်ဖြစ်ကြောင်းကို မှတ်သားထားရန် အရေးကြီးသည်။ ယုဒ၏တော်ဝင်မိသားစုသည် "ကိုယ်တော်ပိုင်သော၊ တပါးအမျိုးသားတို့ ကိုယ်တော်၏စကားကို နားထောင်ခြင်းသို့ ရောက်သည် တိုင်အောင်၊" ဆက်၍အုပ်ချုပ်ကြပါလိမ့်မည်။

ကမ္ဘာဦးကျမ်း ၄၉:၁၀ တွင် ယုဒအမျိုးသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ရှင်ဘုရင်ဖြစ်လာမည် ဟူသောအချက်ကို သမ္မာကျမ်းစာတွင် ပထမဆုံးအတိအလင်း ကိုးကားဖော်ပြထားသည်။ ဤသည်မှာ ဒါဝိဒ်၏အိမ်တော်ရှိ မေရှိယကို ရှင်းလင်းစွာရည်ညွှန်းခြင်းဖြစ်သည်။ ဤအနာဂတ်ရှင်ဘုရင်သည် ကမ္ဘာဦးကျမ်း ၁၂:၃ ပါဂတိတော်ကို ပြည့်စုံစေလိမ့်မည်၊ ဘုရားသခင်သည်အာဗြဟံအား "သင်အားဖြင့် လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်" ဟု မိန့်တော်မူခဲ့သည်။ ဤဘုရင် မှတစ်ဆင့်၊ ဘုရားသခင်၏နိုင်ငံတော်သည် ကမ္ဘာတစ်ဝှမ်းလုံးသို့ ရောက်ရှိမည်ဖြစ်သည်။ ယုဒပြည်မှ ဤကြီးမြတ်သောရှင်ဘုရင်အား "တပါးအမျိုးသားတို့သည် နားခံကြ" လိမ့်မည်။

မောရှေသည် ထိုကာလရှိ သူ့မူလပရိသတ်အတွက် ယုဒအားချီးမြှောက်ခြင်းကို အဘယ်ကြောင့် အလေးပေးဖော်ပြသည်ကို နားလည်ရန် မခက်ပါ။ ယုဒသည် ယာကုပ်၏သားဦးမဟုတ်၊ သာမာန်အားဖြင့် သူသည် ထိုမျှထင်ပေါ်ကျော်ကြားမှု ရှိသည်မဟုတ်ပါ။ ထို့ကြောင့်၊ မောရှေသည် ယောသပ်နှင့် သူ၏ အစ်ကိုများနှင့်ပတ်သက်၍ အမျိုးသားရေးစည်းလုံးညီညွတ်မှုကို မြှင့်တင်ရန် ရေးခဲ့သော်လည်း၊ ဘုရား သခင်သည် ယုဒအမျိုးကို ဤနည်းဖြင့် ချီးမြှောက်တော်မူသည်ဟူသောအချက်ကြောင့် ဤစည်းလုံး ညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားရန်လည်း သူမျှော်လင့်ခဲ့သည်။

ကျွန်ုပ်တို့ကာလတွင်လည်း ခရစ်တော်၏ခေတ်သစ်နောက်လိုက်များအတွက် ယုဒ၏ချီးမြှောက် ခြင်း၏သက်ရောက်မှုများစွာ ရှိသည်။ သို့သော် ၎င်းအားလုံး၏အဓိကအချက်မှာ ယုဒအနွယ်မှ မြင့်မြတ် သောဘုရင်တစ်ပါးကို ဘုရားသခင်ကတိပြုခဲ့ခြင်းဖြစ်သည်။ ဤကတိတော်သည် စကြဝဠာလုံးဆိုင်ရာ ဘုရင်၊ ဒါဝိဒ်၏ စုံလင်ဖြောင့်မတ်သောသားတော် ယေရှု၌ပြည့်စုံသည်။ သခင်ယေရှုသည် သူ၏နိုင်ငံ တော်တည်ထောင်ချိန်တွင် ကောင်းကင်ဘုံ၌ သူ၏ရာဇပလ္လင်ကို ရယူခဲ့သည်။ ရန်သူအပေါင်းတို့ သူ၏ ခြေအောက်၌ မရောက်မီတိုင်အောင်၊ သူသည်နိုင်ငံတော်တလျှောက်လုံး စိုးစံတော်မူသည်။ သူ၏နိုင်ငံ တော် ပြီးပြည့်စုံသောအခါ၊ သူသည် ဖန်ဆင်းခြင်းအသစ်ကို ထာဝစဉ်အုပ်စိုးလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုဒနှင့် သူ၏သားစဉ်မြေးဆက်များအပေါ် အာရုံစိုက်ခြင်းအားဖြင့် ဣသရေလအတွင်း အမျိုးသားရေးကွဲပြားမှုကို မောရှေ မည်သို့အလေးပေးဖော်ပြခဲ့သည်ကို တွေ့မြင်ပြီးနောက်၊ ကမ္ဘာဦးကျမ်း၏ ဤအပိုင်းတွင် ယောသပ်နှင့် သူ၏သားမြေးများ၏ သိသာသောထင်ရှားကျော်ကြားမှုကို ကြည့်ကြပါစို့။

**ယောသပ်နှင့် သားစဉ်မြေးဆက်။** ကျွန်ုပ်တို့မြင်ရသည့်အတိုင်း ယောသပ်သည် ကမ္ဘာဦး ၃၇:၂–၅၀:၂၆ ၏ အဓိကဇာတ်ကောင်ဖြစ်သည်။ သို့သော်၊ သူ့အစ်ကိုများနှင့်မတူဘဲ၊ ယောသပ်သည် ဤအခန်းများတွင် အလွန်စံနမူနာပြသည်။ အမှန်တကယ်၊ ယောသပ်၏အရည်အချင်းတွင် ချို့ယွင်းချက်ကို မောရှေ အရိပ်အမြွက်ဖော်ပြသည့် တစ်ခုတည်းသောအချိန်သည် အဖွင့်အပိုင်းတွင်ဖြစ်သည်။ ၃၇:၂-၁၁ တွင် ယောသပ်သည် သူ၏အစ်ကိုများကို တုန်လှုပ်စေကြောင်း ကျွန်ုပ်တို့လေ့လာခဲ့သည်။ သူ့ဖခင်ထံ သူ့အနာဂတ်အိပ်မက်များနှင့်ပတ်သက်၍ မကောင်းသတင်းများ ယူဆောင်လာပြီး သူတို့ကို ကြွားဝါခဲ့သည်။ သို့သော် ဤအပျက်သဘောဆောင်သော အကြောင်းအရာတစ်ခုပင်လျှင် သိမ်မွေ့ပါသည်။ ယောသပ်သည် "ဆယ့်ခုနစ်နှစ်သာရှိသေးသည်" ဟုဖော်ပြခြင်းဖြင့် အခန်းငယ် ၂ တွင် မောရှေသည် ၎င်းကို လျှော့ပေါ့ပေးခဲ့သည်။

ဤမစုံလင်မှု၏အရိပ်အမြွက်မှတပါး၊ ယောသပ်၏ပုံရိပ်သည် အပြည့်အဝအပြုသဘောဆောင်သည်။ ယောသပ်သည် ပေါတိဖာထံတွင် သစ္စာရှိစွာအမှုထမ်းခဲ့သည်။ ပေါတိဖာ၏ဇနီးကို ငြင်းဆန်ခဲ့သည်။ ဖာရောဘုရင်ထံ အမှုတော်ထမ်းဆောင်ရာတွင် အပြစ်အနာအဆာမရှိပါ။ အစ်ကိုများသူ့ထံတော်သို့ ရောက်သောအခါ ပညာရှိစွာ စုံစမ်းစစ်ဆေးတော်မူသည်။ သူတို့သည်ဆိုးသောအမှုကို သူ့အားပြုသောအခါပင် သူတို့အပေါ် သနားကြင်နားစိတ်နှလုံးရှိတော်မူသည်။ သူ့ဖခင်နှင့် ဗယ်ာမိန်ကို ချစ်ကြောင်းပြသခဲ့သည်။ အဲဂုတ္တုပြည်၏ခေါင်းဆောင်အဖြစ် များစွာသောလူမျိုးတို့ကို ကူညီမစပေးတော်မူသည်။ ဤနည်းများနှင့် အခြားနည်းများစွာဖြင့်၊ ကမ္ဘာဦး ၄၉:၂၆ တွင် ယာကုပ်ဖော်ပြသည့်အတိုင်း၊ မောရှေသည် ယောသပ်ကို ခြယ်သခဲ့သည်။ ယောသပ်သည် "သူ၏ညီအစ်ကိုတို့ကြားတွင်မင်းသား" ဖြစ်သည်။

ယခုလက်တွေ့တွင်၊ ယောသပ်သည် သူ့ဘဝတွင် အကြိမ်များစွာ အပြစ်ကျူးလွန်ခဲ့ကြောင်း ကျွန်ုပ်တို့အားလုံး သိကြသည်။ သခင်ယေရှုမှလွဲ၍၊ ခေတ်အဆက်ဆက်ရှိ လူတိုင်းအတွက် ဤသည်မှာ မှန်ပါသည်။ ထို့ကြောင့်၊ မောရှေသည် ယောသပ်အား ဤနည်းဖြင့် အဘယ်ကြောင့် စံနမူနာပြုသနည်း။ သူ၏ရည်ရွယ်ချက်သည် အဘယ်နည်း။ ဘုရားသခင်သည် ယောသပ်နှင့် သူ၏သားမြေးများကို ဣသရေလအမျိုးအနွယ်များကြားတွင် အထူးထင်ရှားစေခဲ့သောအချက်တွင် အဖြေရှိနေသည်။

ကမ္ဘာဦး ၄၈:၁-၂၂ တွင် ယောသပ်၏သားများအတွက် ပြုလုပ်ထားသော အထူးအစီအစဉ်များတွင် ယောသပ်နှင့် သူ၏သားမြေးများ၏ ထင်ရှားပေါ်လွင်မှုကို ဦးစွာတွေ့ရသည်။ ဤအခန်းငယ်များတွင်၊ ယာကုပ်သည် ယောသပ်၏သားများဖြစ်ကြသော၊ ဧဖရိမ်နှင့် မနာရှေတို့ကို သူ၏သားများကဲ့သို့ ကောင်းချီးပေးခဲ့သည်။ ၁ ရာဇဝင်ချုပ် ၅:၁ အရ၊ ရုဗင်သည် သွေးသားရင်းဆက်ဆံမှု ကျူးလွန်ခြင်းကြောင့် သားဦးအရာကို ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့်၊ ယာကုပ်သည် ဧဖရိမ်နှင့် မနာရှေကိုမွေးစားသောအခါ၊ ယောသပ်သည် ယာကုပ်၏သားဦးအဖြစ် နှစ်ဆသောကောင်းချီးကို ရရှိခဲ့သည်ဟု ဆိုလိုသည်။

ဤအစီအစဉ်၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးအပိုင်းတစ်ပိုင်းကို ၄၈:၁၃-၂၀ တွင် ယာကုပ်သည် မနာရှေအစား ဧဖရိမ်အား ကောင်းချီးပေးခဲ့သော ၄၈:၁၃-၂၀ တွင် တွေ့ရသည်။ ယောသပ်သည် ယာကုပ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၏လက်ယာလက်၊ သာ၍ကြီးမြတ်သောလက်သည် မနာရှေ၏ခေါင်းပေါ်၌တည်စေရန် မိမိသားတို့ကို ယာကုပ်ရှေ့၌ ဂရုတစိုက်ထားသည်။ ထိုအခါ ယာကုပ်၏လက်ဝဲလက်၊ ကောင်းချီးနည်းသောလက်သည် ဧဖရိမ်၏ခေါင်းပေါ်သို့ ကျလိမ့်မည်။ မနာရှေသည် ယောသပ်၏သားဦးဖြစ်သောကြောင့် ဤအစီအစဉ်သည် သင့်လျော်ပုံပေါက်သည်။ သို့ရာတွင်၊ ယာကုပ်သည် ရှင်းပြခြင်းမရှိဘဲ၊ လက်ကိုဆန့်၍ လက်ဝဲလက်ကို မနာရှေထံသို့လည်းကောင်း၊ လက်ျာလက်သည် ဧဖရိမ်ထံသို့လည်းကောင်း တင်လေသည်။ ယောသပ်သည် ၎င်းကို မနှစ်သက်သဖြင့် မနာရှေကို မျက်နှာသာပေးရန်အတွက် ယာကုပ်၏လက်ကို ရွှေ့ရန် ကြိုးစားခဲ့သည်။ သို့သော် ကမ္ဘာဦး ၄၈:၁၉ တွင် ဖြစ်ပျက်လာမည့်အရာကို နားထောင်ပါ_

> အဘသည်ငြင်း၍၊ ငါသိ၏ငါ့သား၊ ငါသိ၏။ သူ[မနာရှေ]သည် ကြီးစွာသော လူစုဖြစ်လိမ့်မည်။ သို့သော်လည်း၊ သူ့ညီ[ဧဖရိမ်]သည် သူ့ထက်သာ၍ ကြီးသဖြင့်၊ သူ၏အမျိုးအနွယ်သည် များစွာသော လူအစုစုဖြစ်လိမ့်မည်ဟုဆို၏ (ကမ္ဘာဦး ၄၈:၁၉)။

သို့တည်းမဟုတ် "လူမျိုးတစ်မျိုးလုံးသည် သူတို့၌ရှိ" သည်ဟု ဆိုနိုင်သည်။ တောလည်ရာ ၂:၁၈-၂၁ နှင့် တရားဟောရာ ၃၃:၁၇ စသည့် ကျမ်းပိုဒ်များသည် ဧဖရိမ်သည် မနာရှေထက် ပိုမိုများပြားကာ ထင်ရှားလာကြောင်း ဖော်ပြသည်။ အမှန်တကယ်၊ နောက်ပိုင်းတွင် ဧဖရိမ်၏လွှမ်းမိုးမှုသည် အလွန်ကြီးမားသောကြောင့်၊ နှစ်ပိုင်းကွဲသောဘုရင်စနစ်အတွင်း ဣသရေလမြောက်ပိုင်းတစ်ပြည်လုံးကို "ဧဖရိမ်" ဟုခေါ်လေ့ရှိသည်။

ယခု၊ ဤအရာအားလုံးသည် ခရစ်တော်၏ ခေတ်သစ်နောက်လိုက်များနှင့် မသက်ဆိုင်ဟု ထင်ရပေမည်။ သို့သော် ယောသပ်နှင့် သူ၏အစ်ကိုများ၏ကာလတွင် ဧဖရိမ်ကိုပေးသော မမျှော်လင့်ထားသော ထင်ပေါ်ကျော်ကြားမှုသည် သူတို့ကာလတွင် မောရှေ၏ပထမဆုံးပရိသတ်အတွက် အထူးအရေးကြီးသည့် ဘုရားသခင်စီမံပေးသည့်အစီအစဉ်ကို ထောက်ပြသည်။ မောရှေသည် ကမ္ဘာဦးကျမ်းကိုရေးသောအခါ၊ သူသည် နိုင်ငံတော်၏ခေါင်းဆောင်မှုကို သူ၏ရှေ့ပြေးယောရှုထံ ပေးအပ်တော့မည်ဖြစ်သည်။ သို့ရာတွင် ယောရှုသည် မောရှေနှင့် အာရုန်ကဲ့သို့ လေဝိအနွယ်မှ မဟုတ်ပါ။ သူသည် တော်ဝင်ယုဒအမျိုးအနွယ်မှမဟုတ်ပါ။ ယောရှုသည် အခြားသူများထက် ထင်ရှားပေါ်လွင် ဘုရားသခင်ကောင်းချီးပေးခဲ့သော ဧဖရိမ်အနွယ်မှဖြစ်သည်။ အမှန်မှာ၊ မောရှေသည် သူ့အားဆက်ခံမည့်သူ ဧဖရိမ်ကိုရွေးချယ်မှုအား အတည်ပြုရန် ဤမှတ်တမ်းတွင် အသားပေးခဲ့သည်။ ယောရှုသေဆုံးပြီးနောက်မှသာ ယုဒအမျိုးသည် ထင်ရှားလာပါသည်။ ဧဖရိမ်အမျိုးယောရှုသည် လူမျိုးတို့ကိုကတိတော်ပြည်သို့ ဦးဆောင်မည်ဖြစ်သည်။

ခရစ်တော်၏ ခေတ်သစ်နောက်လိုက်များအနေနှင့်၊ ယောသပ်နှင့် သူ၏အစ်ကိုများဇာတ်လမ်း၏ ဤရှုထောင့်သည် ကျွန်ုပ်တို့၏ကာလတွင် ဘုရားသခင်ခန့်ထားတော်မူသော မတူကွဲပြားသောကောင်းချီးများနှင့် အခန်းကဏ္ဍများကို အသိအမှတ်ပြုရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသည်။ သူ၏နိုင်ငံတော်တည်ထောင်ခြင်းတွင် ယေရှုသည် သူ၏လူများကို ဆုကျေးဇူးအမျိုးမျိုးဖြင့် ကောင်းချီးပေးခဲ့သည်။ အချို့ကို တမန်တော်များ၊ ပရောဖက်များ၊ ဆရာများစသည်ဖြင့် ပေးတော်မူသည်။ မတူညီသောလူများကို မတူညီသောတာဝန်များနှင့် အထူးအခွင့်အရေးများအတွက် ခေါ် ခဲ့သည်။ ခရစ်တော်သည် မိမိ၏လူမျိုးကို တစ်စစီကွဲပြားစေရန်မဟုတ်ဘဲ အချင်းချင်းစုဖွဲ့ခြင်းငှာ ဤကွဲပြားမှုကို တည်ဆောက်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်တစ်လျှောက်လုံး၊ သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏ဆန္ဒအတိုင်း ဆုကျေးဇူးများကို ပေးတော်မူသည်။ နိုင်ငံတော်ပြီးပြည့်စုံချိန်တွင်ပင်၊ ဘုရားသခင်သည် ခရစ်တော်နောက်လိုက်သူများကို ချီးမြှောက်သည့်နည်းလမ်းများဖြင့် ကွဲပြားမှုကို ကျွန်ုပ်တို့ တွေ့မြင်ရမည်ဖြစ်သည်။ ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းကို ကျွန်ုပ်တို့၏ကာလတွင် ကျင့်သုံးသည်နှင့်အမျှ၊ ခေတ်တိုင်းတွင် ဘုရားသခင်သည် သူ၏လူများကြားတွင် သတ်မှတ်ပေးထားသည့်ကွဲပြားမှုကို အသိအမှတ်ပြုပြီး တန်ဖိုးထားရမည်ဖြစ်သည်။

# နိဂုံး

ယောသပ်နှင့် သူ၏အစ်ကိုများအကြောင်း ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း၏ နောက်ဆုံးအဓိကအပိုင်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို လေ့လာထားပါသည်။ ကမ္ဘာဦးကျမ်း၏ အစောပိုင်းအခန်းများရှိအကြောင်းအရာများအပါအဝင် အဓိကအကြောင်းအရာများကို မြှင့်တင်ရန် ဤအခန်းများကို မောရှေအသုံးပြုပုံနှင့် ဤအခန်းများတွင် ဣသရေလလူမျိုး၏စည်းလုံးညီညွတ်မှုနှင့် ကွဲပြားမှုအပေါ် မောရှေ၏အထူးအလေးပေးဖော်ပြမှုများကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။

ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းသည် ဣသရေလလူမျိုး၏ဘိုးဘေးများ အချင်းချင်း ငြိမ်းချမ်းစွာနေထိုင်ရန် မည်မျှခက်ခဲကြောင်း ဖော်ပြသည်။ သို့သော် နောက်ဆုံးတွင်၊ ဘုရားသခင်သည် သူတို့ကြားတွင် ခိုင်မြဲသောချစ်ခြင်းနှောင်ကြိုးများကို တည်ဆောက်ပေးခဲ့သည်။ သဘောထားကွဲလွဲမှု၊ ပြန်လည်သင့်မြတ်ခြင်းနှင့် စည်းလုံးညီညွတ်မှုဆိုင်ရာဤဇာတ်လမ်းကို မူလက ဣသရေလလူမျိုး တစ်ဆယ့်နှစ်မျိုးအား ၎င်းတို့၏ခေတ်တွင် ဘုရားသခင်၏လူများအဖြစ် နောင်တရရန်နှင့် စည်းလုံးညီညွတ်မှုရှိရန် ရေးသားခဲ့ခြင်းဖြစ်သည်။ ကွဲပြားမှုကို တွန်းလှန်ရန်နှင့် ခရစ်တော်၏နောက်လိုက်များ အဖြစ် ကျွန်ုပ်တို့ကြားတွင်ရှိသော ချစ်ခြင်းနှောင်ကြိုးများကို မြှင့်တင်ရန် ယနေ့ ကျွန်ုပ်တို့ကို တောင်းဆိုထားသည်။ ခရစ်တော်၏ကိုယ်ခန္ဓာအနေဖြင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်၏အမွေတော်တွင် ပါဝင်ကြသည်။ ယောသပ်နှင့် သူ၏အစ်ကိုများ၏ဇာတ်လမ်းသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ကိုယ်တော်၏ဘုန်း အသရေနိုင်ငံတော်အတွက် ယနေ့ဘုရားသခင်၏လူမျိုးတော်၏စည်းလုံးညီညွတ်မှုရှိစေရန် ကျွန်ုပ်တို့ ကိုယ်ကို မည်သို့အပ်နှံရမည်ကို မရှိမဖြစ်လိုအပ်သောလမ်းညွှန်ချက် ပေးပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။